# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 27 December 2024 ၁၁၆၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန် လိုအပ်** စာမျက်နှာ » ၄

**မျိုးဆက်အလီလီ တာဝန်ကျေခဲ့ကြပါသည်** ဆောင်းပါး စာမျက်နှာ » ၆

**အနီးအဝေးဖြစ်ရပ်များကနေ တွေးမိသည့်.. လွတ်လပ်ရေး အတွေးတစ်စ** ဆောင်းပါး စာမျက်နှာ » ၁၀


## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီတွင် စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါများ စတင်သိမ်းဆည်း



ပွင့်ဖြူမြို့နယ်၌ ဝါစိုက်ခင်းအတွင်း ဝါပေါက်များကောက်ယူနေကြသူများကို တွေ့ရစဉ်။

ပွင့်ဖြူ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ချည်မျှင်ရှည်ဝါ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီဇင်ဘာ ဒုတိယပတ်က စတင်သိမ်းဆည်းခဲ့ရာ ယနေ့ထိ ဝါသီးနှံ ၂၄၅၇ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါသီးနှံက ဈေးကွက်ရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးဦးနဲ့ မိုးနှောင်းမှာ အားထားစိုက်ပျိုးကြပါတယ်။ ဝါသီးနှံသိမ်းဆည်းရာတွင် အထွက်နှုန်း လျော့နည်းမှုမရှိအောင် အချိန်မီရိတ်သိမ်းနည်းပညာနဲ့သိမ်းဆည်းပြီးတဲ့ ဝါသီးနှံတွေ အရည်အသွေးကောင်းမွန်စေရေး စနစ်တကျ ထားသိုထိန်းသိမ်းနည်းပညာများကို တောင်သူတွေ သိရှိလိုက်နာနိုင်ဖို့ အသိပညာပေးတာတွေ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○


**သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီး၌ ယခုနှစ်တွင် ရော်ဘာဈေးကောင်း၍ ရော်ဘာစိုက်တောင်သူများ အကျိုးဖြစ်ထွန်း



မြိတ် ဒီဇင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် ရော်ဘာခြစ်ရာသီတွင် ရော်ဘာဈေးကောင်းရရှိ၍ ရော်ဘာစိုက်တောင်သူများ အကျိုးအမြတ်ပိုမိုရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ စက်မှုသီးနှံတစ်မျိုးဖြစ်သည့် ရော်ဘာကို အဓိကစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများပြားပြီး ယခင်နှစ်ကဈေးနှုန်းများတည်ငြိမ်မှုမရှိသော်လည်း ယခုနှစ်တွင် ပြည်ပမှဝယ်ယူလာသည့်အတွက် ပြည်တွင်းရော်ဘာဈေးကွက်အတွင်း၌ ဈေးအတက်ဘက်ကို ဦးတည်နေကြောင်း တုံးဗျောကျေးရွာမှ ရော်ဘာစိုက်ခြံရှင်တစ်ဦးက ပြောကြားသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆





ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးရှေးရှု၍ တိုင်းပြည်ဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများ ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းက ပြည်ထောင်စုကြီး၏ နေရာဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာအတူယှဉ်တွဲ၍ နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

၁၈၈၅ ခုနှစ် နှစ်ကုန်တွင် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးလိုက်ရသောအခါ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသော စိတ်ဓာတ်များဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်သည့် စုပေါင်းအင်အားဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး နှစ်ပေါင်း ၁၀၀ ကျော် လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတော်အဖြစ် တင့်တယ်စွာ ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံရရှိခဲ့သည့် လွတ်လပ်ရေးသည် အလွယ်တကူရရှိသော လွတ်လပ်ရေးမဟုတ်ပေ။ နှစ်ပေါင်း ၁၀၀ ကျော် ခက်ခက်ခဲခဲ တိုက်ယူခဲ့ရသည့်လွတ်လပ်ရေးဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော် ထိန်းသိမ်းနေရသောလွတ်လပ်ရေးဖြစ်သည်။ ကိုလိုနီနယ်ချဲ့ကို ဖက်ဆစ်တို့နှင့်ပူးပေါင်းကာ တွန်းလှန်တိုက်ထုတ်ပြီးနောက် ဖက်ဆစ်တို့ကိုလည်း တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းပြီး တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။ နယ်ချဲ့ဖက်ဆစ်စနစ် ပြီးဆုံးသွားသော်လည်း မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးမရသေးပေ။ ကိုလိုနီအုပ်ချုပ်မှုလက်အောက်မှ ပြန်လည်လွတ်မြောက်အောင် စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်၍ အပြင်းအထန် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ထိုအချိန်တွင် ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်အောက်တွင် မြန်မာနိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ရသည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ စိတ်ဝမ်းကွဲသည့်အမွေဆိုးပါ ထည့်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ လွတ်လပ်ရေးမရခင်ကတည်းက ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် လွတ်လပ်ရေးရပြန်သည့်အခါ လူမျိုးစွဲ၊ ဒေသစွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင်ဖြစ်ပေါ်နေဆဲဖြစ်၍ ကမ္ဘာပေါ်တွင် ပဋိပက္ခသက်တမ်းအရှည်ကြာဆုံးနိုင်ငံဟု ခေါ်တွင်လောက်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတစ်လျှောက်တွင် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုအမွေဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်သော၊ မအေးချမ်းသောကာလများ ရှိခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အားလုံးသဘောတူလက်မှတ်ရေးထိုးပြီးနောက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ NCA တွင်လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ယနေ့ကာလ၌ ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ NCA ကို ချိုးဖောက်ပြီး လက်နက်ကိုင်ပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လာကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်သစ်များအားကိုးသည့် ပြည်ပရောက် အမျိုးသားသစ္စာဖောက်များက တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဝိုင်းဝန်းကြံဆောင်နေကြသည်။

ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေကြရခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခြင်းကို အသိတရားဖြင့်ဆင်ခြင်ပြီး တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံရေးကို အကြမ်းဖက်နည်းလမ်းဖြင့်မဖြေရှင်းဘဲ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားမိဘပြည်သူများနှင့် အတူလက်တွဲ ပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၃၁၃ | ၂,၅၆၆,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၄၉၄ | ၁,၅၆၂,၆၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁၃၄ | ၂၅၄,၆၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၅၃ | ၄၃၀,၁၀၀ |
| AMATA | ၄,၂၀၀ | ၄,၄၀၀ | ၅၉၀ | ၂,၄၇၉,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၉၀၅ | ၂,၈၅၀,၇၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာသို့ ရောက်ရှိပြီး တစ်နှစ်နွေစပါးနှစ်သီးစိုက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပြောကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နွေစပါးစိုက်တောင်သူများအား သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ပေးအပ်ပြီး နွေစပါးပထမသီးနှံတစ်ကွင်း တစ်ဆက်တည်း ဧက ၅၀၀ ၌ တမန်းနှီးခြင်းဆောင်ရွက်နေမှုနှင့် ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၊ လေးတန်းသွားလက်ဆွဲကောက်စိုက်စက်၊ ရှစ်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာ၊ ပျိုးဗန်းပျိုးထောင်စက်နှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် သွင်းအားစုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးသန့်ဇင်ထွန်း၏ ဒေသကြက်ကောင်ရေ ၇၀၀၀ နှင့် ဒေသဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ ကျိုက်ဇကောအရှေ့ကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဘက်စုံမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်ကြည်၏ နို့စားနွားမွေးမြူရေး၊ နို့စားကျွဲမွေးမြူရေး၊ ဒေသကြက်နှင့် ဥစားကြက်မွေးမြူရေးခြံနှင့် ပဲခူးတိုင်းဒေသထုတ် စပါးအခြောက်ခံစက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ရောင်းချနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။





ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ Agro Future Myanmar Co., Ltd. မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ပြည်တွင်းဖြစ် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်၊ ဆေးဖျန်းစက်နှင့် ဘက်စုံသုံး အစေ့ချစက်များကို ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် အောက်စုကွင်းသို့ရောက်ရှိပြီး နွေစပါးနှစ်သီးစိုက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ ဒေသခံနွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ဦးဝင်းထိုက်မောင်၏ ကာကီကင်းမျိုး ဥစားဘဲကောင်ရေ၄၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ကမာစဲကျေးရွာရှိ ဦးလှမော်၏ တစ်ရက် တန် ၂၅၀ ကျ ဆန်စက်၌ ဆန်စက်လည်ပတ်နေမှု၊ ဆန်ကြိတ်ခွဲနေမှုကို ကြည့်ရှု၍ ဒေသခံတောင်သူများနှင့် ကန်ထရိုက်လယ်ယာစနစ်များ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာအုပ်စု တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပဲစိုက်တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပဲစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများအား အကျယ်တဝင့်ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် စပါးဧက ၇၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီး





မုဒုံ ဒီဇင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ဧက ၇၅၀၀၀ ကျော်ကို ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လျာထားဧကထက်**

**၄၆၉ ဧက ကျော်လွန်စိုက်ပျိုး**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများက ချောင်းပိတ်၊ မြောင်းပိတ်နှင့် ဆည်ရေများကို အသုံးပြုကာ မြို့နယ်အတွင်း ကြဲခင်း ၄၃၄၈၄ ဧက၊ ရိုးရိုးပျိုးခင်း ၃၁၇၅၆ ဧက၊ ပေါင်ပျိုးခင်း ၃၄၃ ဧက၊ ကောက်စိုက်စက်တို့ဖြင့် ၈၂ ဧက စုစုပေါင်း မိုးစပါးသီးနှံ ၇၅၆၆၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားဧကထက် ၄၆၉ ဧကကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။ မုဒုံမြို့နယ်တွင် အဓိကအားဖြင့် စိုက်ပျိုးခဲ့သည့်သီးနှံများမှာ ပေါ်ဆန်းရင်၊ ဆင်းသုခ၊ မနောသုခ စသည့်မျိုးကောင်းမျိုးသန့် စပါးမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။

ဒေသခံတောင်သူများက ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ မိုးစပါးများကို ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာလအထိ မိုးစပါးစိုက်ဧကများအားလုံးကို ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း၊ စပါးအထွက်နှုန်းကောင်းမွန်စေရေးနှင့် စပါးရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်မှုမရှိစေရန် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယခုနှစ်တွင် မိုးစပါး ၅၂၁၀၄၀၈ တင်း ထွက်ရှိကာ ဈေးကောင်းရရှိကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန်လိုအပ်




ရန်ကုန် ဒီဇင်ဘာ ၂၆

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနများ၏ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနရှိ အရာထမ်းများအား ဇေယျာသီဟခန်းမ၌ တွေ့ဆုံရာတွင် အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို အဓိကရှာဖွေပေးရသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာကျင့်ကြံ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့် အားလျော်စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

**ဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံပြီး ဌာနအလိုက်တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အရာထမ်းများအား တွေ့ဆုံပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးရာတွင်လည်းကောင်း၊ ချေးငွေများ ပြန်လည်ကောက်ခံရာတွင်လည်းကောင်း စနစ်တကျဆောင်ရွက်ရန်၊ ငွေကြေးအလွဲသုံးစားမဖြစ်စေရေး အဆင့်ဆင့်ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရွှေပြည်သာမြို့နယ်၌ အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အထည်ချုပ်စက်ရုံများ ကွင်းဆင်းအားပေး




ရန်ကုန် ဒီဇင်ဘာ ၂၆

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ စက်ရုံ၊ အလုပ်ရုံများမှ အခြေခံအလုပ်သမားအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်ရှင်နှင့် အလုပ်သမားများ အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖြေရှင်းရာတွင် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိကြောင်း၊ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိကြောင်း၊ ထို့ပြင် ၂၀၁၁ ခုနှစ် အလုပ်သမား အဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများကို ကောင်းစွာသိရှိလိုက်နာ ဆောင်ရွက်ရန်နှင့် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပလိုပါက ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့က ရွှေပြည်သာမြို့နယ်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် SUNTIME JCK Co.,Ltd နှင့် Myanmar Bestfortune Garnment Co.,Ltd၊ Hermite Co.,Ltd အရုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လုပ်သားများ၏ သက်သာချောင်ချိရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်နားလည်ယုံကြည်မှု၊ လုပ်ငန်းခွင် ဆက်ဆံရေးကောင်းမွန်မှုသည် စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သဖြင့် အလုပ်ရှင်၊ အလုပ်သမားများက အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ရော်ဘာကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၁၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ပြီး အပူအအေးပြောင်းလဲမှုနည်းသော ရာသီဥတုကိုကြိုက်နှစ်သက်ကြောင်း၊ အပူချိန်အနည်းဆုံး ၅၅ ဒီဂရီဖာရင်ဟိုက်မှ၁၀၀ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် အသင့်တော်ဆုံး မိုးရေချိန်မှာ ၈၀-၁၆၀ လက်မထိဖြစ်သည်။

ယခုနှစ်တွင် ရော်ဘာစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိနေသော်လည်း ရော်ဘာခြစ်လုပ်သားငှားရမ်းမှုတွင် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ ရော်ဘာ နှစ်စဉ် ထွက်ရှိသည့်အချိန်မှာ အောက်တိုဘာလဆန်းပိုင်းမှ စတင်ပြီး ရော်ဘာစိုက်ခြံရှင်များအနေဖြင့် ရော်ဘာပင် ခုနစ်နှစ်ကျော်ခန့်တွင် စတင် ရော်ဘာစေးခြစ်ယူရကြောင်း ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောသည်။

ရော်ဘာစိုက်တောင်သူများ စိုက်ပျိုးစရိတ်အနေဖြင့် စတင်စိုက်ပျိုးသည့်နှစ်တွင် တစ်ပင်ကို ငွေကျပ် ၄၀၀၀ ခန့် ကုန်ကျမှုရှိပြီး နောက်နှစ်များတွင် မြေအောင်းပိုးသတ်ဆေး၊ လုပ်သားခ အပါအဝင် ကုန်ကျစရိတ်မှာ ရော်ဘာပင် တစ်ပင်ကို ငွေကျပ် ၁၀၀၀ ခန့်ကုန်ကျမှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုနှင့် ပြည်ပသို့ တင်ပို့မှုအများဆုံးမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှထွက်ရှိသည့် ရော်ဘာများမှာ အကောင်းဆုံးဖြစ်ကြောင်း ရော်ဘာဈေးကွက်အတွင်းမှ သိရသည်။

**ရော်ဘာသမိုင်းနှင့် အကျိုးကျေးဇူးများ**

ရော်ဘာသည် ၁၈၇၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပြီး တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် အစောဆုံးစိုက်ပျိုးခဲ့ကာ ၁၉၀၅ ခုနှစ်တွင် စီးပွားဖြစ် စတင်စိုက်ပျိုး လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

ရော်ဘာသည် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းတွင် အရေးပါသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွင်လည်း အရေးပါသော man make forest ဖြစ်၍ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေသည့်အပြင် ရော်ဘာပင်မှ ရော်ဘာသစ်၊ ထင်း၊ ရော်ဘာပြား၊ ရော်ဘာအစေးရည်၊ ဆွဲဖတ်ခွက်ကပ်မှသည် တန်ဖိုးမြင့်ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျွန်းလှမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပ

ကျွန်းလှ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ကျင်းပသည်။

အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ကျင်းပပြီး မြို့နယ်အဆင့်ရွေးချယ်၍ ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသားကျောင်းသူများအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

❍ **ပွင့်ဖြူမှ**

ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ အခုနှစ်မှာ ဝါသီးနှံစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းမှုရှိပြီး အရင်နှစ်ကထက် အထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ တစ်ဧက ၅၂၉ ဒသမ ၈၅ ပိဿာ ထွက်ရှိပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**ပံ့ပိုးကူညီ**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူများကို သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသော ဝါသီးနှံများ ထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်ရေးနည်းလမ်းများ စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေ တွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါသီးနှံမျိုးများကို စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခင်နှစ်ကထက် အထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနရာဝတီခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့် ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် ကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သုံးနှစ်ကျော်ကာလအတွင်း အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် ယခင်အစည်းအဝေး (၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ ဒေသအသီးသီးရှိ IDP၊ တိုက်ပွဲရှောင်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်သူများ အတွက် သက်ဆိုင်ရာ ကော်မတီအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အလိုက် ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ထားရှိမှုများကို ယခုအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ လက်ရှိအချိန်ထိ ခုနစ်လတာကာလအတွင်း စုစုပေါင်း အိမ်ထောင်စု ၃၅၂၄၅ စု၊ လူဦးရေ ၁၄၁၇၈၈ ဦးတို့ကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်းများ/စုရပ်များ ၃၈၀ ကို ထပ်မံ ပိတ်သိမ်းနိုင်ခဲ့ကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးမှုများအပြင် စုစုပေါင်းငွေကျပ် ၆၄၇၇ သန်းကျော်ဖြင့် လမ်းဖောက်လုပ်ခြင်း၊ အိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ စားရေရိက္ခာ၊ လူသုံးကုန်ပစ္စည်းများ၊ ပံ့ပိုးငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်/ကျောင်း ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် ယာယီနေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် စေတနာရှင်၊ အလှူရှင်များပေါင်းစပ်၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားအဆင့် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယာယီခိုလှုံရာစခန်း/စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားရေရိက္ခာများ ပံ့ပိုးပေးနေမှုအခြေအနေ၊ လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေ၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလော လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိသည့် အခြေအနေ၊ အမျိုးသားအဆင့် ကော်မတီတွင် ရန်ပုံငွေထူထောင်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူများက သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေး ရှင်းလင်းတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်တံခါးမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကျောက်တံခါး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက အထက (ကျောက်တံခါး)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တီဘီရောဂါလက္ခဏာများ၊ တီဘီရောဂါနှင့်ပတ်သက်သော ကာကွယ်ရေးနည်းလမ်းများ၊ တီဘီရောဂါကို ဆောလျင်စွာ ရှာဖွေစစ်ဆေးခြင်း၏ ရရှိမည့်အရေးပါပုံတို့ကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါကျောင်းအခြေပြု တီဘီရောဂါ ကွင်းဆင်းရှာဖွေရေးလုပ်ငန်းများကို ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၈၂ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၂၄၄၅ ဦးကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် အထက်တန်းလေးကျောင်း၊ အလယ်တန်း ရှစ်ကျောင်း စုစုပေါင်း ၁၂ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၁၄၂ ဦးအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# မျိုးဆက်အလီလီ တာဝန်ကျေခဲ့ကြပါသည်

**၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက် ၁၀ နာရီ။ အင်္ဂလိပ်စစ်သေနာပတိချုပ် ဂျင်နရယ်ပရင်ဒါဂတ်က တပ်များချီတက်ရန် အမိန့်ထုတ်ပြန်ပြီးနောက် အင်္ဂလိပ်စစ်သင်္ဘောများ မန္တလေးမြို့ ဂေါဝိန်ဆိပ်သို့ ဆိုက်ရောက်လာကြသည်။ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။**



မင်းလှတိုက်ပွဲသရုပ်ဖော်ပန်းချီ။

နန်းတော်အတွင်းရှိ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်အဆက်အသွယ်ပြုခြင်း မရှိသဖြင့် ကာနယ်စလေဒင်တို့လူစု ရှေ့ဆောင်လမ်းပြ၍ ခေါ်ဆောင်သွားသော အင်္ဂလိပ်တပ်များသည် မြို့ရိုး၏ တောင်ဘက်တံခါးဝသို့ ညနေ ၃ နာရီတွင် ရောက်ရှိသွားကြသည်။ ထိုတံခါးမှ အတားအဆီး အခုအခံမရှိဘဲ ဝင်ရောက်သွားပြီးနောက် နန်းတော်သစ်တပ်အရှေ့ဘက်တံခါးဆီသို့ ဆက်လက်ချီတက်သွားကြ၏။ ထိုသစ်တပ် အရှေ့ဘက်တံခါးဝတွင် မိနစ်အနည်းငယ်မျှ အပန်းဖြေကြပြီးနောက် ကင်းဝန်မင်းကြီးကို စောင့်ဆိုင်းနေကြသည်။

ဤသို့စောင့်ဆိုင်းနေကြစဉ် ခပ်ဝေးဝေးမှ ကင်းဝန်မင်းကြီး ဆင်စီး၍ အမြန်လာရောက်နေသည်ကိုတွေ့ကြရ၏။ ထို့နောက် ကင်းဝန်မင်းကြီးက ကာနယ်စလေဒင်တစ်ဦးတည်း သူနှင့်အတူ နန်းတော်ထဲသို့ ဝင်ရောက်လိုက်ပါစေလိုကြောင်း၊ အတူပါလာသော အင်္ဂလိပ်တပ်များအား မည်သည့်အကြောင်းနှင့်မျှ သစ်တပ်အတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်း ပြောကြားလေသည်။

သို့ဖြင့် ကာနယ်စလေဒင်သည် ရှေးဦးစွာ ကင်းဝန်မင်းကြီးနှင့်အတူ လွှတ်တော်ရုံးသို့ ရောက်ရှိသွား၏။ ထို့နောက် ကာနယ်စလေဒင်သည် ကင်းဝန်မင်းကြီးနှင့် မှူးမတ်များလိုက်ပါလျက် သီပေါမင်းရှိရာ ရွှေနန်းတော်ဆောင်သို့ ဝင်ရောက်၍ တွေ့ဆုံပြီး အိန္ဒိယဘုရင်ခံချုပ်အမိန့်အရ အရှင်နှစ်ပါးကို ကောင်းစွာစောင့်ရှောက်ဆောင်ယူခဲ့ရန် လာရောက်ခြင်းဖြစ်ကြောင်း လျှောက်ထားလေသည်။

သီပေါမင်းက **"ယခုချက်ချင်း မိမိကိုရပ်ဝေးသို့ ရုတ်တရက်ခေါ်ဆောင်သွားမည့်အစား နန်းတော်တွင်းမှာပင် တစ်ရက် နှစ်ရက်မျှ စံမြန်းနေလိုကြောင်း၊ ဤအတွင်း မိမိသည် နန်းတော်မှဆင်း၍ တောင်ဥယျာဉ်တော်ရှိ နွေရာသီစံနန်းသို့ ပြောင်းရွှေ့စံနေတော်မူရန် ဆန္ဒရှိကြောင်း"** ကာနယ်စလေဒင်အား မိန့်ကြားခဲ့သည်။

ကာနယ်စလေဒင်က ဤအခွင့်ကိစ္စအတွက် မိမိသည် စစ်သေနာပတိချုပ် ဂျင်နရယ်ပရင်ဒါဂတ်ထံ အကြောင်းကြားပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် မနက်ဖြန်ကျလျှင် ဘုရင်မင်းမြတ်သည် စစ်သေနာပတိချုပ်ထံ မိမိကိုယ်ကိုပေးအပ်ရန် လိုအပ်ကြောင်း ပြန်လည်လျှောက်ထားပြီး နန်းတော်မှ ပြန်လည်ထွက်ခွာကာ ပရင်ဒါဂတ်ထံ သတင်းပို့လေသည်။ ထိုအတောအတွင်း သီပေါမင်းသည် နန်းတော် တောင်ဥယျာဉ်ရှိ နွေရာသီစံအိမ်တော်တွင် စံမြန်းနေရာ ဟမ်ရှိုင်းယားတပ်မဟာမှ တပ်သားများက အထပ်ထပ်စောင့်ကြပ်ထားသည်။

နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် အင်္ဂလိပ်တပ်များသည် ဂေါဝိန်ဆိပ်မှ စတင်ချီတက်သွားကြရာ မွန်းလွဲပိုင်းတွင် နန်းတော်သို့ရောက်ရှိကြသည်။ ဂျင်နရယ်ပရင်ဒါဂတ်သည် အရေးပါသော ဝန်ကြီးလေးပါးကိုခေါ်ယူပြီးလျှင် ကာနယ်စလေဒင်တို့နှင့်အတူ သီပေါမင်းကို သွားရောက်တွေ့ဆုံပြီးနောက် သီပေါမင်းနှင့် မိဖုရားအား ယခုပင်သင်္ဘောဖြင့် ခေါ်ဆောင်သွားတော့မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ဘုရင်နှင့် မိဖုရားတို့က ရက်ရွှေ့ဆိုင်းနိုင်လျှင် ရက်ရွှေ့ပေးရန် မေတ္တာရပ်ခံခဲ့ကြသော်လည်း ပရင်ဒါဂတ်က မဖြစ်နိုင်ကြောင်း၊ ယခုချက်ချင်း လိုက်ပါရန် ပြင်ဆင်မှုပြုတော်မူပါဟု ပြောကြားပြီး နန်းတော်မှစတင်ထွက်ခွာရန် တပ်များကို အစီအစဉ်ပြုလုပ်လေတော့သည်။

ညနေ ၃ နာရီခွဲအချိန်တွင် အင်္ဂလိပ်တပ်များသည် မင်းမိဖုရားနှစ်ပါးကို ခေါ်ဆောင်၍ နွေရာသီစံအိမ်မှ စတင်ထွက်ခွာခဲ့ကြလေသည်။ မြို့တော်ပြလမ်းမကြီးနံဘေးတစ်လျှောက်တွင်လည်းကောင်း၊ လမ်းဆုံလမ်းမများတွင်လည်းကောင်း မြို့သူမြို့သားများသည် ကြိတ်ကြိတ်တိုးလျက် ငိုကြွေးကြရင်းကပင်လျှင် အရှင်နှစ်ပါးအား နောက်ဆုံးဖူးမြော်ခြင်းဖြင့် ဖူးမြော်နှုတ်ဆက်ကြလေသည်။ ညနေ ၆ နာရီ ၁၅ မိနစ်အချိန်တွင် ဂေါဝိန်ဆိပ်သို့ရောက်ရှိပြီး ဘုရင်နှင့်တကွ မိဖုရားအခြွေအရံများကို **"သူရိယ"** သင်္ဘောပေါ်သို့ ပို့ဆောင်ထားလိုက်၏။ ထိုနေ့ကား မြန်မာတို့မမေ့နိုင်သော မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ဖြစ်လေသည်။

ထို့နောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာနိုင်ငံနှင့်တကွ သီပေါမင်းပိုင်ဆိုင်အုပ်စိုးခဲ့ကြသော နယ်မြေတို့ကို အင်္ဂလိပ်ဧကရီဘုရင်မကြီးပိုင် နယ်မြေတစ်ခုအဖြစ် သိမ်းယူကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က လက်မှတ်ရေးထိုး ကြေညာချက်ထုတ်ပြန်လိုက်လေသည်။

ဤသို့အားဖြင့် နှစ်ပေါင်းများစွာ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သော မြန်မာတို့သည် သီပေါမင်းအဖမ်းခံရသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မှစ၍ အင်္ဂလိပ်တို့လက်အောက် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ကြရလေသည်။

မြန်မာတို့ စစ်ရှုံးရသော အကြောင်းအချက်များစွာရှိသည့်အနက် နိုင်ငံရေးညီညွတ်မှုမရှိခြင်း၊ လက်နက်ချင်းကွာခြားခြင်း၊ လေ့ကျင့်မှုမတူညီခြင်းတို့ကြောင့်ဖြစ်သည်။ အင်္ဂလိပ်တို့နှင့်ဖြစ်ပွားခဲ့သော စစ်ပွဲသုံးပွဲစလုံးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော မြန်မာတပ်မှူး၊ တပ်သားတို့၏ သူရသတ္တိနှင့် ဖွဲ့ဝီရိယတို့ညံ့ခဲ့ကြ၍မဟုတ်ဟု သမိုင်းပညာရှင်များက ဆိုခဲ့ကြသည်။

ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)တွင် ဦးစီးခဲ့သော စစ်သူကြီးမဟာဗန္ဓုလနှင့် ဝက်ထီးကန်တိုက်ပွဲတွင် အင်္ဂလိပ်တို့ကို တပ်လုံးပြုတ်လုနီးပါးချေမှုန်းခဲ့သော ဗိုလ်ချုပ်မဟာနေမျိုးတို့၏ စစ်စွမ်းရည်နှင့် သူရသတ္တိကို အင်္ဂလိပ်တို့ကပင် စံနမူနာတင်ကြရ၏။ ဒုတိယစစ်ပွဲ (၁၈၅၂-၁၈၅၄)တွင်လည်း ရွှေတိဂုံကုန်းခံတပ်ကိုဦးစီးသော မြို့ဝန်သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်၊ ပဲခူးစစ်နယ်ဝှန်းတွင် ဦးစီးသော တောင်တွင်းကြီးမြို့စား မင်းရဲမင်းခေါင်ကျော်၊ ပြည်မြို့စစ်နယ်ဝှန်းကိုဦးစီးခဲ့သော ဗိုလ်မှူးဝန်ကြီးသတိုးသုဓမ္မမဟာမင်းခေါင် စသောတပ်မှူးကြီးများသည် ဖွဲ့သတ္တိကြီးမားစွာဖြင့် တိုက်ခိုက်ခဲ့ကြသည်။

တတိယစစ်ပွဲ (၁၈၈၅-၁၈၈၆)၌ မင်းလှခံတပ်မှနေ၍ သဲသဲမဲမဲခုခံတိုက်ခိုက်ခဲ့သော ဗိုလ်ချုပ်မဟာသမိန်ဗရမ်းနှင့် တပ်မှူးတို့၏ ဇာတိမာန်စိတ်ဓာတ်နှင့် သူရသတ္တိမှာလည်း ရန်သူတို့ကပင် လေးစားချီးကျူးခြင်းခံခဲ့ရ၏။

မင်းလှခံတပ်တိုက်ပွဲနှင့်ပတ်သက်၍ အင်္ဂလိပ်သတင်းစာဆရာ၊ သမိုင်းဆရာတစ်ဦးဖြစ်သူ ဂရက်တန်ဂျယ်ရီက **"မည်သို့ပင်ဖြစ်စေ၊ မြစ်အနောက်ဘက်ကမ်း မင်းလှခံတပ်မှ မြန်မာတပ်များ**

**ဇာနည်ဘွား**

**သည် အားတက်သရော တိုက်ခိုက်သွားပေသည်။ အဂတိတရားမလိုက်စားဘဲ အမှန်အတိုင်း ပြောရလျှင် မြန်မာတို့ကို သူရဲဘောကြောင်သောသူများဟု အညွန့်ချိုး နှိမ်ချခြင်းမပြုသင့်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရဲရဲရင့်ရင့်ဖွဲ့နဘဲကြီးစွာ အားသွန်တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်"** ဟု ဝေဖန်ရေးသားခဲ့သည်။

သမိုင်းဆရာတစ်ဦးဖြစ်သူ ဒေါက်တာဒီ၊ ဒီဆင်ဟာ ကလည်း **"အရှုံးပေးအညံ့ခံရသည်ထက် အမျိုးသားဇာတိမာန်စိတ်ဖြင့် တိုက်ခိုက်ရင်းသေသွားသည်ကမှ ကောင်းသေး၏ဟု ယူဆကာ တိုက်ခိုက်သွားကြလေသည်"**ဟု ရေးသားခဲ့လေသည်။

ထို့အတူ နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သူ့ကျွန်ဘဝသို့ မြန်မာနိုင်ငံ ကျရောက်ချိန်တွင်လည်း **"သိင်္ဃတန်ဆောင်၊ ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညသုဉ်းသုံးဝဖြင့်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်-ကောင်း၏"**ဟူသော ဆီဘန်းနီဆရာတော်၏ **"တဖန်မှတ်စေ"** ချီရတုကဲ့သို့ မြန်မာ့ထီးနန်း ကျိုးပျက်ခြင်းကိုမခံနိုင်သော မျိုးချစ်ပုဂ္ဂိုလ်များသည် နယ်ချဲ့လက်အောက်သူ့ကျွန်ဘဝတွင် အသက်ရှင်နေရခြင်းထက် အမျိုးဘာသာသာသနာအတွက်၊ လွတ်လပ်ရေးအတွက် တိုက်ရင်းသေရသည်ကကောင်းသေး၏ ဟူသော ဇာတိမာန်ဖြင့် စစ်နိုင်သောအင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြပြန်လေသည်။

ထိုသို့ ဖွဲ့သတ္တိကြီးမားစွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော မြင်းစိုင်းမင်းသား၊ လင်းပင်မင်းသား၊ ရွှေဂျိုးဖြူမင်းသား၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်၊ ဗိုလ်ချို၊ ဗိုလ်ရာညွန့်၊ ဗိုလ်ရွှေ စသောအနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားမျိုးချစ်အင်အားစုများကို အင်္ဂလိပ်တို့သည် ရှစ်နှစ်ကြာမျှ နှိမ်နင်းခဲ့ကြရလေသည်။

တစ်ဖန် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝတွင် မြန်မာတို့အလေးအမြတ်ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓမြတ်စွာသာသနာတော်မှာလည်း မှေးမှိန်လာခဲ့သည်။ လူသူစည်ကားရာ မြို့ကြီးပြကြီးတွင် မှီခိုသီတင်းသုံးတော်မူကြသော ရဟန်းသံဃာတော်များပင် ဆွမ်း၊ ကွမ်းပါးရှားလာရာ စစ်ကိုင်းတောင်ရိုးပျော် ရဟန်းသံဃာတော်များကားဆိုဖွယ်ရာပင်မရှိအောင် ပို၍ခက်ခဲလာခဲ့ကြသည်။

သို့နှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ရှေးရှုသောအားဖြင့် မန္တလေးမြို့ခံ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများသည် ဘုရင်မရှိ၍ သာသနာပျက်ရလေခြင်းအဖြစ်မျိုး မဖြစ်ရလေအောင် သာသနာတော် ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ရေးအတွက် ဘုရင်ပါတော်မူပြီး ၁၁ နှစ်အကြာ ၁၂၅၈ ခုနှစ်တွင် မလွန်ဆန်လှူအသင်းကြီးကို လည်းကောင်း၊ ပါတော်မူပြီး ၁၃ နှစ်အကြာ ၁၂၆၀ ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို လည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

လမင်း၏အလယ်တွင် ယုန်မင်းတံဆိပ်ခတ်နှိပ်ထားသော မလွန်ဆန်လှူအသင်းကြီးသည် စစ်ကိုင်းတောင်ရိုး၌ တရားရှာမှီးနေကြသော ရဟန်းသံဃာတော်၊ သီလရှင်နှင့် **စာမျက်နှာ ၇ သို့** ☆

**"မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့သည် နိုင်ငံငယ်များအပေါ် ၎င်းတို့ဩဇာလွှမ်းမိုးနိုင်ရေးအတွက် နောက်ကွယ်မှကြိုးကိုင်ကာ အချင်းချင်းအကြားသွေးခွဲ၍ အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်ခိုင်းလျက်ရှိ။**

**အတိတ်က စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရာမှ သီပေါမင်းပါတော်မူပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်အပေါ် သမိုင်းသင်ခန်းစာရယူပြီး ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ လက်ရှိမျိုးဆက်များနှင့် အနာဂတ်မျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်"**

## ချစ်စေချင်သည် ဖြစ်စေချင်ပြီ

❖ ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ
တိုးတက်တဲ့ နိုင်ငံတွေမှာ
ဘာတွေ "ရှိ" ဘာတွေ "သာ"
ဘာတွေ "သိ" ဘာတွေ "သာ"
ဆန်းစစ်ကာကြည့် စောကြောမိ။

❖ သူတို့ဆီမှာ
ဘာသာ အယူ၊ ဝါဒ မူ တို့
မတူကွဲပြား၊ အသွင်ခြားလည်း
သွေးသားစပ်သူ၊ မရှိမူလည်း
တိုင်းသူ ပီစွာ၊ ကိုယ့်နေရာကို
မှန်စွာ မြတ်နိုး၊ အချစ်တိုးရင်း
လူမျိုး နိုင်ငံ၊ တိုးတက်ရန်တွက်
ထက်သန် အသိ၊ ရင်မှာရှိလျက်
နိုင်သည့် တာဝန်၊ ထမ်းကျေပွန်သည်
အားသွန် ဆောင်မြန်း၊ အခန်းခန်းဝယ်
ရွှင်လန်းတက်ကြွ၊ အားမာန်ပြလျက်
ထူထ ကူမ၊ ကိုယ့်ဒေသကို
ကြံဆ မြင့်တင် သည်တကား။
**နိုင်ငံ့ခွန်အား ပြည်သူများ။**

❖ သူ့တိုင်း သူ့ပြည်၊ သာမောစည်သို့
ကိုယ့်ပြည် ကိုယ့်ရွာ၊ တိုးတက်ပါမှ
မြန်မာနိုင်ငံ မြန်မာလူမျိုး
မညှိုးဂုဏ်သိန် ရှိပေလိမ့်။

❖ ဩော် .. ဒို့ပြည်သူကား၊ အခြားမဟုတ်
လက်ငုတ်လက်ရင်း၊ သွေးသားရင်းတည့်
သားချင်းစုံစွာ၊ ဒို့မြန်မာတို့
မှန်စွာ မြော်တွေး၊ တိုင်းရင်းသွေးဖြင့်
တိုင်းရေး ပြည်ရေး၊ အိမ်တွင်းရေးကို
အလေးမူကြ ဖေးကူမလော့
အေးအတူ ပူအမျှ
အပေးအယူ တူတကွဖြင့်
မြန်မာ့အနာဂတ်၊ ဖြောင့်ဖြူးလတ်အောင်
**ပေါင်းစပ်ဆောင်ကြဉ်း နိုင်ပါစေ။**
**ပြည်ထောင်စုစိတ် ခိုင်မာစေ။** ။

**မျိုးမြတ်မြတ်မြင့်မောင်**

---

☆ စာမျက်နှာ ၆ မှ

သူတော်စင်များအား မြန်မာဗုဒ္ဓဘာသာဝင် ရှင်ဘုရင်အဆက်ဆက်က ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသည့်နည်းတူ ဆွမ်းဆန်တော်များကို ဆက်လက်ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ထို့အတူ ပရိယတ္တိသာသနဟိတအသင်းကြီးကလည်း သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝတွင် မြို့ပျက်မတတ်ဖြစ်ပြီး သံဃာတော်များလည်း လျော့နည်းကာ သာသနာမှေးမှိန်သည်ထက် မှေးမှိန်လာသည့်အတွက် ကျောင်းတိုက်ကြီးများမှ ကျန်ရှိရစ်ခဲ့သည့် စာချဆရာတော်ကြီးများ၏ စာရင်းကိုလိုက်ယူကာ လစဉ်ဆွမ်းဆန်တော်များနှင့်အတူ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များပါလှူဒါန်းခဲ့ကြသည်။ ထို့ပြင် စာတော်ပြန်ပွဲ မကျင်းပနိုင်ခဲ့သည်မှာ ၁၈ နှစ်ခန့်ရှိလာသဖြင့် ၁၂၆၅ ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးက စာပြန်ပွဲကို စတင်ကျင်းပပေးခဲ့သည်။ စာပြန်ပွဲများကို သကျသီဟဘုရားကြီးဝင်းအတွင်းရှိ ဦးသာညွှင်း၏ ကိုးခန်းအုတ်ဇရပ်ကြီးတွင်ကျင်းပခဲ့ရာမှ ပရိယတ္တိ စာမေးပွဲများကို ရဟန်းလောကက **"သကျသီဟစာမေးပွဲ"**ဟု ခေါ်ဝေါ်ခဲ့ကြသည်။

မလွန်ဆန်လှူအသင်းကြီးနှင့် ပရိယတ္တိသာသနဟိတအသင်းကြီးကို မြို့လူထုနှင့်တကွ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းက ဝိုင်းဝန်းလှူဒါန်းခဲ့ကြရာမှ ယခုဆိုလျှင် နှစ်ပေါင်း ၁၀၀ ကျော် သမနိရှည်ကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ထိထိရောက်ရောက် အကျိုးပြုလျက်ရှိသည်။ တိပိဋကဓရမင်းကွန်းဆရာတော်ကြီးကလည်း မလွန်ဆန်လှူအသင်းကြီးကို သာသနာ၏ မိခင်အသင်း၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို သာသနာ၏ ဖခင်အသင်းအဖြစ် အသိအမှတ်ပြု သတ်မှတ်တော်မူခဲ့ပါသည်။

ထို့အတူ မြန်မာတို့သည် အမျိုးဘာသာသာသနာအကျိုးအတွက် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြန်ပါသည်။ ဝိုင်အမ်ဘီအေကဲ့သို့ မြန်မာအသင်းအပင်းများ မပေါ်ပေါက်သေးချိန်က တိုင်းသူပြည်သားများသည် နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ခံသက်သက်ပင်ဖြစ်ခဲ့သည်။ ဝိုင်အမ်ဘီအေပေါ်ပေါက်လာသောအခါ **"အမျိုးဘာသာ သာသနာ ပညာ"** ဆိုသည့် ခေါင်းစဉ်အောက်မှ တိုင်းရေးပြည်မှုများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး ဗြိတိသျှအစိုးရထံ တင်ပြတောင်းဆိုခဲ့ကြသည်။



၁၉၁၉ ခုနှစ်က အင်္ဂလန်သို့ စေလွှတ်ခံရသည့် ကိုယ်စားလှယ်ကြီးသုံးဦးဖြစ်သည့် ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန်တို့ကို တွေ့ရစဉ်။

သာသနာ့မြေနှင့် ဘုရားပုထိုးစေတီရင်ပြင်များတွင် နိုင်ငံခြားသားများ ဖိနပ်စီးသွားလာနေကြသည့်အတွက် ဖိနပ်ပြဿနာပေါ်ပေါက်လာသောအခါတွင်လည်း ဝိုင်အမ်ဘီအေအသင်းကြီးကပင် တိုင်းပြည်ကိုယ်စား ဗြိတိသျှအစိုးရကို အရေးဆိုခဲ့ပါသည်။

တစ်ဖန် အိန္ဒိယကို အုပ်ချုပ်ရေးအဆင့်အတန်းတိုးပေးရန် ဗြိတိသျှအစိုးရကစီစဉ်သည့်အခါတွင်လည်း မြန်မာပြည်ကို အလားတူ တိုးမြှင့်ပေးရန် ဝိုင်အမ်ဘီအေက ဦးစု၊ ဦးဖေ၊ ဦးဘဘော၊ ဦးမေအောင်တို့လေးဦးကို အိန္ဒိယသို့ကိုယ်စားလှယ်လွှတ်ကာ အရေးဆိုခဲ့သည်။ သို့ရာတွင် ဗြိတိသျှအစိုးရက မြန်မာပြည်ကိုအုပ်ချုပ်ရေးတိုးမပေးဘဲ ချန်လှပ်ခဲ့သဖြင့် ၁၉၁၉ ခုနှစ်တွင် ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန် "ဘေ-ပု-ရှိန်" ကိုယ်စားလှယ်ကြီး သုံးဦးကို ဝိုင်အမ်ဘီအေကပင် အင်္ဂလန်သို့စေလွှတ်ကာ ထပ်မံအရေးဆိုစေခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေအဖြစ် တိုးချဲ့ဖွဲ့စည်းကာ ဟုမ္မရူး (Home Rule) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ပြန်သည်။ ထိုမှအစပြု၍ မြန်မာပြည်သူများ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အရေးကိစ္စများတွင် နီးနီးကြားကြား ပါဝင်လာခဲ့ကြ၍ ဝိုင်အမ်ဘီအေအသင်းကြီးကို **"မြန်မာနိုင်ငံရေးအစ ဝိုင်အမ်ဘီအေက"**၊ **"လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက"**၊ **"ဝံသာနုရက္ခိတအစ ဝိုင်အမ်ဘီအေ"**က စသည်ဖြင့် ဆိုစမှတ်ပြုခဲ့ကြလေသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေမှသည် ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာသည်။ မြန်မာလူမျိုးများသည် ကျွန်လူမျိုးမဟုတ်၊ ကိုယ့်မင်းကိုယ်ချင်း သခင်ဘဝဖြင့် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သော လူမျိုးဖြစ်၍ **"သခင်မျိုးဟေ့-တို့ဗမာ"** ဟူသည့် ကြွေးကြော်သံနှင့်အတူ နာမည်ရှေ့တွင် သခင်ဘွဲ့ခံခဲ့ကြလေသည်။ ထို့အတူ -

**"ဗမာပြည်သည် - တို့ပြည်**
**ဗမာစာသည် - တို့စာ**
**ဗမာစကားသည် - တို့စကား**
**တို့ပြည်ကို - ချစ်ပါ**
**တို့စာကို - ချီးမြှင့်ပါ**
**တို့စကားကို - လေးစားပါ"**

ဟူ၍ တပ်လှန့်ကြွေးကြော်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးကို သခင်ဘသောင်းက စတင်တည်ထောင်ခဲ့သည်။

ထို့နောက် တို့ဗမာအစည်းအရုံးမှသည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်မြောက်ရေးတပ်မတော်(BIA)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပေါ်ပေါက်လာကာ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများကို ဆက်တိုက်ဆင်နွှဲခဲ့ပြီး စစ်ပြီးခေတ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှ၏ အထက်မြန်မာနိုင်ငံကို နှစ်ပေါင်း ၆၀ ကျော်၊ အောက်မြန်မာပြည်ကို နှစ်ပေါင်း ၁၀၀ ကျော်အုပ်ချုပ်ခဲ့သည့် သူ့ကျွန်ဘဝမှလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပေသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယဖြစ်သည်။ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် တို့ကိုယ်ကျိုးလုံးလုံးမပါ၊ နောင်လာနောက်သား ကောင်းစားဖို့ရာဟူသည့် မွန်မြတ်သည့်စိတ်ထားဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ပြီး တာဝန်ကျေပွန်ခဲ့ကြသည့် အတိတ်က မျိုးဆက်များနည်းတူ မျိုးဆက်သစ်များအနေဖြင့်လည်း ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်ကြရပါမည်။

မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့သည် နိုင်ငံငယ်များအပေါ် ၎င်းတို့ဩဇာလွှမ်းမိုးနိုင်ရေးအတွက် နောက်ကွယ်မှကြိုးကိုင်ကာ အချင်းချင်းအကြား သွေးခွဲ၍ အိမ်ကြက်ချင်းအိုးမဲသုတ်ခွပ်ခိုင်းလျက်ရှိပေသည်။

သို့ဖြင့် အတိတ်က စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရာမှ သီပေါမင်းပါတော်မူပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်အပေါ် သမိုင်းသင်ခန်းစာရယူပြီး ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ လက်ရှိမျိုးဆက်များနှင့် အနာဂတ်မျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်ပေသည်။ ။

**ကိုးကား - နတ်မောက်ဘုန်းကျော်၏**
**"အင်္ဂလိပ်-မြန်မာ စစ်သမိုင်း"**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာများအား ဖူးမြော်ကြည်ညို၍ ပဲခူးမြို့ ရှေးဟောင်းစေတီပုထိုးများအား သွားရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ကြီးကြပ်ရေးဆရာတော်လေးပါး၊ စာပြန်သံဃာတော် ၇၃ ပါးတို့အား ဖူးမြော်ကြည်ညိုကာ ကျမ်းစာအုပ် ငါးမျိုးကို ဆက်ကပ်လှူဒါန်းသည်။




### ဖူးမြော်ကြည်ညို

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ရှိ ရွှေဂူကြီး (ဗုဒ္ဓဂါယာ) စေတီတော်၊ ကိုးသိန်းကိုးသန်း စေတီတော်၊ ရွှေဂူလေးစေတီတော်၊ ရွှေအောင်ရွေးစေတီတော်နှင့် ကျိုက်ပွန်ဘုရားကြီးတို့အား ဖူးမြော်ကြည်ညို၍ စေတီတော်များပရိဝုဏ်အတွင်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသောနေရာများကို သက်ဆိုင်ရာဂေါပကအဖွဲ့များနှင့်ညှိနှိုင်းဆွေးနွေး၍ ဦးစားပေးပြုပြင်ရမည့်နေရာများကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ကမ္ဘာ့ဇသာဒီနန်းတော်သို့ သွားရောက်ပြီး လက်ယာဝန်းဆောင်၊ လက်ဝဲဝန်းဆောင်နှင့် စနုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယနေ့ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာတစ်ပါး၊ ဒီဃနိကာယ် စာပြန်သံဃာငါးပါး၊ ဝိနည်း (ဒုတိယပိုင်း) စာပြန်သံဃာ ၃၇ ပါး၊ ဝိနည်း (ပထမပိုင်း)စာပြန်သံဃာ ၂၉ ပါး စုစုပေါင်း ၇၃ ပါးတို့ အာဂုံပြန်ဆိုလျက်ရှိပြီး(၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၈ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၆

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများက Virtual စနစ်ဖြင့်သတ်မှတ်နေရာများမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ၊ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း ၈၀ ကျော် ခင်းကျင်းပြသနိုင်ရေး စီမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၀ ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို အဆင့်အတန်းရှိစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီအဖွဲ့ဝင်များ အားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းရှင်အချင်းချင်းသည် ပြပွဲ၊ ပြိုင်ပွဲများတွင် တွေ့ဆုံသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်က MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပခဲ့မှုအခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများတွင် ပါဝင်ပြသမည့်အခြေအနေနှင့် အစီအမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာသူများက ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းရေး၊ ပြပွဲနှင့်ပြိုင်ပွဲအတွက် ကြိုတင် ဆောင်ရွက်ထားရှိရမည့်ကိစ္စရပ်များ၊ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နတ်မောက်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြော

နတ်မောက် ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ်များအကြောင်းသိရှိပြီး အစဉ်အောက်မေ့သတိရစေရန်၊ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များသည် အမျိုးကိုချစ်သည့်စိတ်၊ မိမိဘာသာကိုယုံကြည်မှု၊ မိမိယဉ်ကျေးမှုကို ထိန်းသိမ်းထားလို စိတ်များ မွေးမြူရမည်ဖြစ်ကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန် ထက်သန်မှု၊ သူ့ကျွန်မခံလိုသော စိတ်ဖြင့် လွတ်လပ်ရေးရရှိအောင်ကြိုးစားခဲ့ပုံ၊ လွတ်လပ်ရေးနေ့ဖြစ်ပေါ် လာပုံ သမိုင်းကြောင်းနှင့် လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှု သမိုင်းကြောင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

လှဝင်း

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ဆွေးနွေးပွဲမှတစ်ဆင့်ရရှိမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်၊ ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် မိမိကိုယ်တိုင်ပါဝင်ကြရန်နှင့် မိမိမှစ၍ အဂတိလိုက်စားမှုများကိုငြင်းဆန်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုပုံစံများသည် နည်းပညာများထွန်းကားလာသည်နှင့်အမျှ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မျှတပြီးလုံခြုံစိတ်ချရသော ဈေးကွက်များဖြစ်ပေါ်၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာရရှိစေရန်အတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ခြင်းသည် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုများကို ကော်မရှင်နှင့်အတူ ပူးပေါင်းတိုက်ဖျက်ပေးကြရန်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ထားဝယ် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူရခြင်း ဖြစ်ကြောင်း၊ အဓိကအနေဖြင့် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ညနေပိုင်းတွင် စတိတ်ရှိုးကဏ္ဍများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့သည် နိုင်ငံတော်အတွက် အထွတ်အမြတ်ထားသောနေ့တစ်နေ့ ဖြစ်သောကြောင့် အခမ်းအနားကို ခမ်းနားထည်ဝါစွာ ပြုလုပ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနား သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာသူများ အနေဖြင့် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး၊ ကြိုဆိုနေရာချထားရေးနှင့်ပို့ဆောင်ရေး၊ စစ်ရေးပြလုပ်ငန်း၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ပြခန်းများ ခင်းကျင်းပြသရေး၊ သစ်သီးဝလံများပြိုင်ပွဲကျင်းပရေး၊ မွေးမြူရေးပြိုင်ပွဲ၊ မိခင်နှင့်ကလေးပြိုင်ပွဲ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေး စသည့်လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဒီဇင်ဘာ ၂၆**

(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ( ၇၇ ) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး နာယက ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို အဆင့်အတန်းမီမီ အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရာတွင် ချင်းလူမျိုးများ၏ ယဉ်ကျေးမှုစရိုက် လက္ခဏာများ ပေါ်လွင်စေရန်နှင့် စည်းလုံးညီညွတ်မှုကို တိုးတက်ထွန်းကားစေရေးတို့အတွက် အကောင်းဆုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ( ၇၇ ) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး၊ နာယက အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်းက လုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ဦးစီးကော်မတီ၊ အဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီးဦးကျော်ငြိမ်း၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင့်နှင့် ပြည်နယ်အတွင်းရေးမှူး ဦးအောင်ချို၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အတွင်းရေးမှူးနှင့် နာယက အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများနှင့်အတူ .....

# အနီးအဝေးဖြစ်ရပ်များကနေ တွေးမိသည့်.. လွတ်လပ်ရေး အတွေးတစ်စ

**မြင့်မြတ်**

ကြွေတစ်လှည့် ကြက်တစ်ခုန်၊ သူတစ်ပြန် ကိုယ်တစ်ပြန်၊ မပြီးနိုင် မစီးနိုင် မဆုံးနိုင်တဲ့ အဆိုးအကျော့ သံသရာထဲ ထပ်မံနစ်ဆဲမြုပ်ဆဲ အရှေ့အလယ်ပိုင်းဒေသက ဆီးရီးယားပြည်သူတို့ရဲ့ဘဝ။

လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံကမတိုးတက်ပေမယ့် အထိုက်အလျောက်တော့ တည်ငြိမ်မှုရှိခဲ့တဲ့နိုင်ငံ၊ အိမ်နီးချင်း တူကီယဲနဲ့ အစ္စရေး၊ အဝေးက အင်အားကြီးနိုင်ငံများရဲ့ စစ်ရေး၊ နိုင်ငံရေး ဖိအားတွေအောက်မှာ (Weak State) အားနည်းနိုင်ငံအခြေအနေကနေ (Fail State) ကျဆုံးနိုင်ငံအဖြစ်ကိုကျော်ပြီး ယခုတော့ (Collapse State) ပြိုလဲပျက်သုဉ်းတဲ့ဘဝ အလျင်အမြန်ရောက်သွားရပါပြီ။

အာဏာရှင်တိုက်ဖျက်ရေးခေါင်းစဉ်အောက်မှာ အာဆတ်ခေါင်းဆောင်တဲ့ ဆီးရီးယားခေတ်တစ်ခေတ်ကို HTS ဆိုတဲ့ အကြမ်းဖက်ညွန့်ပေါင်း လက်နက်ကိုင်အဖွဲ့တွေက အဆုံးသတ်ခဲ့တဲ့နေ့စွဲတွေအတွင်းမှာ နိုင်ငံရေးရေချိန်နိမ့်လွန်းလှတဲ့ ဆီးရီးယားပြည်သူတွေဟာ အာဏာရှင်ပြုတ်ကျပြီဆိုပြီး အပျော်ကြီးပျော်ခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့အပျော်တွေက ရေပွက်ပမာ – ခဏတာဆိုသလို တာရှည်ခံပါ့မလား။

**သုံးပိုင်းကွဲထွက်တော့မယ့် ဆီးရီးယား**

ချက်ချင်းဆိုသလို အစ္စရေးက ဝါးအစည်းပြေသလို ပြိုကွဲနေတဲ့ ဆီးရီးယားနေရာအနှံ့ အပြင်းအထန်ဗုံးကြဲပြီး ဆီးရီးယား – အစ္စရေးနယ်စပ်က ဆီးရီးယားပိုင် ဂိုလမ်တောင်ကုန်းကို အပြီးသိမ်းပိုက်လိုက်တယ်။ ယခုအချိန်မှာ အစ္စရေးမြေပြင်တပ်တွေဟာ ဆီးရီးယားအတွင်းပိုင်းအထိ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး ဆီးရီးယားမြေတွေကို ဖွဲ့ယူနေပါပြီ။ ဆီးရီးယားသမ္မတအာဆတ်ကို ဖြုတ်ချခဲ့တဲ့ ဟာရက်တီရာ အယ်လ်ရှန် HTS အဖွဲ့က တူကီယဲရဲ့ထောက်ခံပံ့ပိုးမှုနဲ့အတူ ဆီးရီးယားကို သိမ်းပိုက်ခဲ့တာပါ။ ဒ့ါအပြင် ဆီးရီးယားမှာ အမေရိကန်က ထောက်ခံတဲ့ ဆီးရီးယားကာ့ဒ်တွေနဲ့ အာဆတ်ကို ဆန့်ကျင်တဲ့ လက်နက်ကိုင်အဖွဲ့များစွာလည်း ရှိပါသေးတယ်။



ဆီးရီးယား စစ်ပွဲအတွင်း ပျက်စီးခဲ့ရသည့် လူနေအဆောက်အအုံများကို တွေ့ရစဉ်။

ဒ့ါအပြင် နိုင်ငံအတွင်းမှာ ရုရှားရေတပ်စစ်အခြေစိုက်စခန်းလည်း ရှိနေတယ်။ ဒါကြောင့် ဆီးရီးယားမှာ အာဆတ်ကို ဖြုတ်ချခဲ့တဲ့ တူကီယဲ Proxy တစ်ဖြစ်လဲ HTS အဖွဲ့ရယ်၊ ဆီးရီးယားအခက်မှာ အမြတ်ထွက်သွားတဲ့ အစ္စရေးရယ်၊ US ကြားခံ Proxy လက်နက်ကိုင်အဖွဲ့တွေရယ် သုံးပွင့်ဆိုင်သုံးပိုင်းအကွဲတွေကြားမှာ ထပ်ဆင့်ပဋိပက္ခများ မလွဲမသွေဖြစ်လာပြီး နိုင်ငံပြိုကွဲတော့မယ့် အရိပ်အယောင်တွေကို စတင်တွေ့မြင်နေရပါပြီ။ ပြည်ပပယောဂအမျိုးမျိုးနဲ့ အပြိုင်တိုက်ခိုက်နေကြတဲ့ စစ်နယ်ရှင်တွေကြောင့် နောက်တစ်ကျော့ဖြစ်လာမယ့် ဆီးရီးယားနယ်မြေလုစစ်ပွဲ။ စစ်ပွဲတွေရဲ့ အစဟာ ယခုမှ ပေါက်ကွဲထွက်တော့မှာဖြစ်ပါတယ်။ HTS နဲ့တကွ နိုင်ငံတကာစွက်ဖက်မှုအမျိုးမျိုးကြောင့် ဆီးရီးယားပြည်သူတွေအနေနဲ့ ကြုံတွေ့ရမယ့် အနိဋ္ဌာရုံကံကြမ္မာဆိုးတွေကို ယခုအချိန်မှာ စတင်ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။

**စစ်ကိုခေါ်ခဲ့သူတွေကြောင့်**

တင်ပြချင်တဲ့အချက်က ဆီးရီးယားနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ဆီးရီးယားပြည်သူတို့ရဲ့ လွတ်လပ်ရေးက အမှန်တကယ် ကျဆုံးသွားခဲ့ရပါပြီ။ နိုင်ငံများစွာရဲ့ ခြယ်လှယ်မှုအောက်မှာ အချုပ်အခြာ နယ်နိမိတ်ဆုံးရှုံးနေတဲ့ နိုင်ငံတစ်နိုင်ငံဟာ ကိုလိုနီလက်အောက်ခံဘဝနဲ့ လွတ်လပ်ရေးဆုံးရှုံးသွားသလို ခံစားရပါတယ်။ ဆီးရီးယားအဖြစ်က နိုင်ငံတစ်နိုင်ငံတည်းရဲ့ အသိမ်းပိုက်ခံဘဝမျိုးမဟုတ် အနည်းဆုံး နိုင်ငံသုံးနိုင်ငံလက်အောက်ကျရောက်သွားခြင်းမျိုးပါ။

ဆီးရီးယားပြည်သူတို့အတွက် အလွန်နာကြည်းကြေကွဲဖွယ်ဖြစ်ရပ်ပါပဲ။ ယခုလို ဆီးရီးယားနိုင်ငံ အချုပ်အခြာဆုံးရှုံးရခြင်းဖြစ်စဉ်မှာ ဆီးရီးယားခေါင်းဆောင်နဲ့ အစိုးရအဖွဲ့မှာတာဝန်ရှိသလို ဆီးရီးယားပြည်သူတွေရဲ့အပြစ်လည်း မကင်းပါဘူး။ ဆီးရီးယားပြည်သူတွေဟာ အတိတ်က ချမ်းသာကြွယ်ဝခဲ့တဲ့ အီရတ်၊ လစ်ဗျားစတဲ့နိုင်ငံတွေမှာလို ဆက်ဒမ်ဟူစိန်၊ ကဒါဖီတို့လို ခေါင်းဆောင်တွေကို အာဏာရှင်ခေါင်းစဉ်တပ်ပြီး အမေရိကန်နယ်ချဲ့ အလိုကျဖြုတ်ချခဲ့ကြတဲ့ အီရတ်၊ လစ်ဗျား ပြည်သူတွေကို အားကျခဲ့ပုံရပါတယ်။ တကယ်တော့ HTS နဲ့ ဆီးရီးယားပြည်သူတွေဟာ စစ်ကိုခေါ်ခဲ့မိကြပါပြီ။

စစ်ကိုခေါ်တော့ စစ်ကလာနေပါပြီ။ ကိုယ့်နိုင်ငံ ကိုယ်ပြန်ဖျက်သူတွေအဖြစ် သမိုင်းတရားခံတွေဖြစ်ခဲ့ရပြီ။ HTS ပေါ်လာမှ မြို့တွေ၊ ရွာတွေ ထပ်မံပျက်စီးရတယ်ဆိုရင် ဒါ ဘယ်သူ့အပြစ်မှမဟုတ်ပါဘူး။ စစ်ကိုခေါ်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့တွေနဲ့ သူတို့ကို လက်ကမ်းကြိုဆိုခဲ့ကြတဲ့ နိုင်ငံရေးရေချိန်နိမ့် ပြည်သူတွေရဲ့ အပြစ်ပါပဲ။

ဆီးရီးယားကို သိမ်းပိုက်ခဲ့တဲ့ HTS အဖွဲ့ဆိုတာ ယခင် အယ်လ်ကိုင်ဒါ အစ္စလာမ် အစွန်းရောက်အကြမ်းဖက်အဖွဲ့က သက်ဆင်းလာတဲ့ အယ်လ်နျူဆာရာတပ်ဦးရဲ့ အမွေခံအဖွဲ့တစ်ခုဖြစ်ပါတယ်။ HTS ခေါင်းဆောင် အယ်ဂျူလာနီဟာ တစ်ချိန်က ISIS အဖွဲ့ဝင် ဖြစ်ခဲ့ဖူးတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုယ်တိုင်က အကြမ်းဖက်တွေအဖြစ် သတ်မှတ်ထားတဲ့ အစွန်းရောက်လက်နက်ကိုင်တွေဖြစ်ပါတယ်။

သူတို့ဟာ ဆီးရီးယားအနောက်မြောက်ပိုင်းက အီလစ်ဘ်မြို့ကို ၂၀၁၇ ခုနှစ်ကတည်းက သိမ်းပိုက်ခဲ့ခြင်းဖြစ်တယ်။ ထိုအချိန်ထိုကာလကတည်းက ယခုပြုတ်ကျသွားတဲ့ သမ္မတအာဆတ်ဟာ အီလစ်ဘ်ကို ဘာကြောင့်ပြန်လည်မသိမ်းပိုက်ခဲ့တာလဲ။ ခေါင်းဆောင်တစ်ယောက်ရဲ့ အမြော်အမြင်နည်းမှု၊ သုံးသပ်နိုင်မှု အားနည်းချက်တွေဟာ ဆီးရီးယား အခုလိုဖြစ်ရခြင်းအခြေအနေတွေကို လွှမ်းမိုးခဲ့လေသလား။ ဒါကြောင့်လည်း အီလစ်ဘ်မှာ HTS ရဲ့အုပ်ချုပ်မှုပုံစံကို ဘီဘီစီတို့လို အနောက်မီဒီယာတွေက အမွှမ်းတင် အကောင်းမြင်ဝါဒဖြန့်ခွင့်ရခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ HTS တို့မသိတာက တူကီယဲနဲ့ အစ္စရေးတို့ရဲ့ လွှမ်းမိုးမှုအောက်မှာ တစ်နိုင်ငံလုံးကို အပြည့်အဝအုပ်ချုပ်ခွင့်မှ ရပါ့မလား၊ လက်နက်နဲ့ နယ်မြေတွေကို တိုက်ခိုက်သိမ်းပိုက်နိုင်တာထက် သိမ်းပြီးနယ်မြေတွေမှာ တည်ငြိမ်အေးချမ်းအောင် ဘယ်လောက်ထိန်းရခက်မလဲ၊ သိမ်းတာထက် ထိန်းဖို့ခက်တဲ့အနေအထားကို HTS ရော ပြည်သူတွေပါ အချိန်တန်မှ နားလည်လာမယ်လို့ ယူဆပါတယ်။

**စိတ်ဓာတ်နှင့်ရုပ်ပစ္စည်းဆိုင်ရာ အဓိကအင်အားနှစ်ရပ်**

ဆီးရီးယားပြည်သူတွေ မျှော်လင့်တဲ့ နိုင်ငံသစ်ဆိုတာ အစ္စရေး၊ တူကီယဲနဲ့ အမေရိကန် ကိုလိုနီလက်အောက်ခံဘဝ ရောက်ရတာကလွဲပြီး အပြည့်အဝလွတ်လပ်မှုမျိုး ရနိုင်ဖွယ်ရာမရှိပါဘူး။ ဆီးရီးယားပြည်သူတွေမျှော်လင့်ခဲ့သလို အာဆတ်အစိုးရ ပြုတ်ကျသွားပေမယ့် သူတို့ပိုင်မြေပုံ၊ သူတို့နေတဲ့ မြို့တွေ ရွာတွေ၊ နိုင်ငံနယ်နိမိတ်တွေ တဖြည်းဖြည်း ပဲ့ပါနေတာကိုတော့ လောလောဆယ် မြင်နိုင်ဦးမယ်မထင်ဘူး။ လက်ရှိ ဆီးရီးယားမြေပုံကို တူကီယဲ၊ အစ္စရေးနဲ့ အမေရိကန်တို့က သုံးပိုင်းခွဲဝေယူနေကြပါပြီ။

အခုလို နိုင်ငံတစ်နိုင်ငံရဲ့ မြေပုံနဲ့ အချုပ်အခြာနယ်နိမိတ် အပိုင်းပိုင်းခွဲခြားခံလိုက်ရခြင်းဟာ အားနည်းပြီး နဂိုကတည်းက တိုက်လိုခိုက်လိုစိတ်နည်းတဲ့ ဆီရီးယားတပ်မတော်နဲ့လည်း ဆိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ အဓိကအင်အားက စိတ်ပိုင်း၊ ရုပ်ပိုင်းအင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဆီကပဲ လာပါတယ်။ စစ်တပ်အင်အားဆိုတာ Hard Power ဖြစ်တယ်။ ဒါကြောင့် အင်အားခိုင်မာတောင့်တင်းတဲ့တပ်မတော်ကို အဓိကထားပြီး ပြိုကွဲပျက်စီးအောင် ဘက်ပေါင်းစုံကနေ ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်နေတာဖြစ်တယ်။

**စစ်ပွဲတွေ၊ ပဋိပက္ခတွေ မဖြစ်အောင် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး စေ့စပ်ညှိနှိုင်းနိုင်စွမ်းက Soft Power ဖြစ်တယ်။ နှစ်ခုစလုံးအရေးကြီးပါတယ်။ ဒီနည်းလမ်းနှစ်ခုကို ဟန်ချက်ညီညီနဲ့ နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သူသာလျှင်** တကယ့်ပညာဉာဏ် အမြော်အမြင်နဲ့ ပြည့်စုံသူဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့နည်းနဲ့သာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်နိုင်တာဖြစ်တဲ့အတွက် အနာဂတ်တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုရင် ဒီလိုလူသားအရင်းအမြစ်များစွာ ပေါ်ထွက်လာဖို့လိုပါလိမ့်မယ်။

ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ့်ကဏ္ဍက ပညာရေးဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံကို အလုံးစုံပျက်စီးအောင် ကြိုးစားနေတဲ့ အဖျက်သမားတွေဟာ ဆင်ခြင်တုံတရားရှိမယ့် ပညာတတ်ပညာရှင်တွေ ပေါ်ထွက်မလာအောင်နဲ့ လူငယ်တွေ စာမျက်နှာ ၁၁ သို့ ❐

> **❝စစ်ပွဲတွေ၊ ပဋိပက္ခတွေမဖြစ်အောင် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး စေ့စပ်ညှိနှိုင်းနိုင်စွမ်းက Soft Power ဖြစ်တယ်။ နှစ်ခုစလုံးအရေးကြီးပါတယ်။ ဒီနည်းလမ်းနှစ်ခုကို ဟန်ချက်ညီညီနဲ့ နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သူသာလျှင် တကယ့်ပညာဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံသူဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့နည်းနဲ့သာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်နိုင်တာဖြစ်တဲ့အတွက် အနာဂတ်တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုရင် ဒီလိုလူသားအရင်းအမြစ်များစွာပေါ်ထွက်လာဖို့ လိုပါလိမ့်မယ်❞**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲသို့ တက်ရောက်




**စစ်တွေ ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်ဖြင့် ကဏ္ဍပေါင်းစုံ တိုးတက်မှုများရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသည် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် သက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုဖြစ်ကြောင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းလိုအပ်ချက်အရ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက သင်တန်းသားများ ရယူစုဆောင်းပေးပြီး လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းမှ နည်းပြဆရာမများဖြင့် အခြေခံစက်ချုပ်သင်တန်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် ယခုအခွင့်အရေးကို အကျိုးရှိစွာအသုံးချပြီး စိတ်ပါဝင်စားစွာ သင်ယူမှတ်သားကြရန်နှင့် သင်တန်းသူများအချင်းချင်း ရိုင်းပင်းကူညီကာ တက်ရောက်သင်ကြားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ဇော်က သင်တန်းတွင် ပို့ချမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစက်ချုပ်သင်တန်းအတွက် ချီးမြှင့်ငွေ ကျပ်သိန်း ၁၈ဝ ကိုပေးအပ်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက လက်ခံရယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ သွားရောက်ပြီး သင်တန်းသူများအား အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



ကယားပြည်နယ် လွိုင်ကော်မြို့နယ် သီရိမင်္ဂလာဈေးအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၆ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်စဉ်။ မောင်ကောင်း

# ညောင်ရွှေမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ညောင်ရွှေ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း မီးလောင်မှုများမဖြစ်ပွားစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးဘေးလုံခြုံရေး ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့မမင်္ဂလာဈေး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လက်တွေ့ပြသ**

မီးဘေးလုံခြုံရေး ကြိုတင်ဇာတ်တိုက် လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးအောင်သူဟိန်း ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ပြသခြင်း၊ အမြှုပ်မီးသတ်ဆေးရည်ဖြင့် မီးငြိမ်းသတ်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများအား လက်တွေ့ပြသ လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး ဈေးအတွင်း မီးဘေးအန္တရာယ် ကင်းဝေးရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❐ စာမျက်နှာ ၁၀ မှ

**လူညွှန့်တုံးသွားအောင်နဲ့ အကြမ်းဖက်သမားတွေဖြစ်လာအောင် ပညာရေးကဏ္ဍကို ဦးတည်ဖျက်ဆီးနေခြင်း ဖြစ်ပါတယ်။ အမျိုးသားရေးစရိုက်တွေ သေးသိမ်ညှိုးနွမ်းအောင်လုပ်ပြီး အမျိုးသားရေးတည်ဆောက်မှု (Nation Building) မဖြစ်အောင် ဦးနှိမ်တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဟန်ချက်ညီညီ တိုးတက်ရမယ့်တပ်မတော်နဲ့ ပညာရည်ပြည့်ဝတဲ့ အမျိုးသားရေးအင်အားနှစ်ရပ်မရှိဘဲ နိုင်ငံရဲ့အချုပ်အခြာနဲ့ လွတ်လပ်ရေးဟာ ဘယ်လိုမှ တည်တံ့ခိုင်မြဲမှာမဟုတ်ကြောင်း မြဲမြံစွာ ခံယူထားရမှာဖြစ်ပါတယ်။**

**မိမိမှာအင်အားရှိနေဖို့သာအရေးကြီး**

ကျွန်တော်တို့ပြည်သူတွေက မြန်မာနိုင်ငံတော်ကြီးရဲ့ ယခုလို လွတ်လပ်ရေးနေ့အခါသမယမှာ ဆီးရီးယားအရေးအပါအဝင် ကမ္ဘာ့အနီးအဝေးဖြစ်ရပ်များဆီကနေ သင်ခန်းစာများများ ထုတ်ယူနိုင်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန်သုံးသပ်ဆင်ခြင်နိုင်ဖို့လိုပါတယ်။ အမှန်မြင်မှလည်း အမြင်မှန်ရမှာဖြစ်ပါတယ်။ ဆီးရီးယားက HTS နဲ့ ပြည်သူအချို့ ပြည်ပအားကိုးပြီး အာဏာရယူနိုင်ခဲ့ပေမယ့် သူတစ်ပါးအားကိုး မှီခိုနေရတဲ့နိုင်ငံဟာ ဘယ်တော့မှ ကြာရှည်ခံမှာမဟုတ်တဲ့အကြောင်း၊ ကိုယ့်အတွက် အသုံးမဝင်တော့ရင် ရေနစ်သူဝါးကူထိုးပမာ ကူရာမဲ့ဘဝရောက်ရမယ့်အကြောင်း ယနေ့ ဆီးရီးယား အဖြစ်အပျက်တွေ၊ လတ်တလော ယူကရိန်းအဖြစ်အပျက်တွေကနေ သင်ခန်းစာယူနိုင်ပါတယ်။

အားလုံးသိတဲ့အတိုင်း ကမ္ဘာကြီးရဲ့ ကျန်းမာရေးအခြေအနေကအားမကောင်းလှပါဘူး။ အမျိုးသားအကျိုးစီးပွားအခြေခံတဲ့ လူမျိုးရေး၊ ဘာသာရေးစစ်ပွဲတွေ၊ တဖြည်းဖြည်း မျက်စောင်းထိုးလာနေတဲ့ တတိယကမ္ဘာစစ်ကြီး၊ ကျဆင်းနေတဲ့ကမ္ဘာ့စီးပွားရေး၊ ကိုဗစ်ကပ်လို ပြန်ပေါ်လာနိုင်တဲ့ ရောဂါကပ်ကြီးတွေက ကမ္ဘာ့လူသားတွေကို ခြိမ်းခြောက်နေပါပြီ။ ဘယ်လိုအခြေအနေဖြစ်ပါစေ၊ မိမိပြည်တွင်း မိမိအားကသာ အင်အားအစစ်အမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိအင်အားက ခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်နေဖို့တော့လိုပါတယ်။ အင်အားတောင့်တင်းဖို့မှာ တင်ပြခဲ့သလို ပညာဉာဏ်ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကြီးဖို့က အဓိကဖြစ်ပါတယ်။ ထိုအင်အားတွေ ပြည့်ဝဖို့ကလည်း

> **“အားလုံးသိတဲ့အတိုင်း ကမ္ဘာကြီးရဲ့ကျန်းမာရေးအခြေအနေက အားမကောင်းလှပါဘူး။ အမျိုးသားအကျိုးစီးပွားအခြေခံတဲ့ လူမျိုးရေး၊ ဘာသာရေးစစ်ပွဲတွေ၊ တဖြည်းဖြည်း မျက်စောင်းထိုးလာနေတဲ့ တတိယကမ္ဘာစစ်ကြီး၊ ကျဆင်းနေတဲ့ ကမ္ဘာ့စီးပွားရေး၊ ကိုဗစ်ကပ်လို ပြန်ပေါ်လာနိုင်တဲ့ ရောဂါကပ်ကြီးတွေက ကမ္ဘာ့လူသားတွေကို ခြိမ်းခြောက်နေပါပြီ။ ဘယ်လိုအခြေအနေဖြစ်ပါစေ၊ မိမိပြည်တွင်း မိမိအားကသာ အင်အားအစစ်အမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိအင်အားက ခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်နေဖို့တော့လိုပါတယ်။ အင်အားတောင့်တင်းဖို့မှာ တင်ပြခဲ့သလို ပညာဉာဏ်ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကြီးဖို့က အဓိကဖြစ်ပါတယ်။ ထိုအင်အားတွေပြည့်ဝဖို့ကလည်း များများလေ့လာ၊ များများနာယူ၊ များများမေးခွန်းထုတ် အစဉ်လေ့ကျင့်နေကြဖို့သာဖြစ်ပါတယ်”**

များများလေ့လာ၊ များများနာယူ၊ များများမေးခွန်းထုတ် အစဉ်လေ့ကျင့်နေကြဖို့သာဖြစ်ပါတယ်။

အထူးသဖြင့် ယနေ့လူငယ်တွေအတွက် ဖြစ်ပါတယ်။ အတိတ်က ခေါင်းဆောင်တွေ၊ လူကြီးတွေက ယနေ့ ပစ္စုပ္ပန်ကာလမှာရှိနေတဲ့ ကျွန်တော်တို့လို မျိုးဆက်တွေအတွက် နိုင်ငံအချုပ်အခြာ တည်တံ့ခိုင်မြဲအောင် မျှော်မှန်းချက်ထား အားထည့်ကြိုးစားခဲ့ကြတယ်။ ဒါကြောင့် ငါတို့လည်း ယနေ့အချိန်၊ ယနေ့အခြေအနေမျိုးမှာ နောင်အနာဂတ်မျိုးဆက်သစ်တွေအတွက် တတ်နိုင်သမျှ အားထည့်ကြိုးပမ်း လုပ်ဆောင်ကြရမယ်၊ တာဝန်ကျေပွန်ကြရမယ်၊ တာဝန်ရှိတယ်လို့ခံယူထားရမယ်။ ကမ္ဘာကြီးအနီးအဝေးဘာတွေဖြစ်နေလဲ။ သတိဝီရိယထား ပညာနဲ့ အမှန်မြင်ပါ၊ သူများအပြစ်၊ ကိုယ့်အပြစ် မြင်အောင်လည်းကြည့်ကြပါ၊ ဉာဏ်မီသမျှပြင်ဆင်ထားပါ၊ စိတ်ရောရုပ်ပါ အားမွေးပါ၊ ညီညွတ်အောင်လုပ် ညီညွတ်မှအားရှိမှာ၊ စည်းလုံးမှခိုင်မာမှာ.......။ ။

■

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မုံရွာမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ သလ္လာဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆိုင်ရာ လုပ်ငန်းများကြိုတင်စီမံဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားပြီး မုံရွာတက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများစစ်ဆေးခဲ့မှုအရ ဖြေဆိုမည့်သူများ လိုက်နာသင့်သည်များကို လည်းကောင်း၊ ခရိုင်ပညာရေးမှူးရုံးမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာနှင့် ကိုယ်ပိုင်ကျောင်းများမှ Grade-12 သင်ဆရာ ဆရာမများ၊ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က တိုင်းဒေသကြီး ပညာရေးမှူးထံ ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တပ်ကုန်းမြို့နယ်၌ တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၆

တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများမွေးမြူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ကျေးချောင်းကျေးရွာအုပ်စု၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ မကျီးပင်၊ ဥသျှစ်ကုန်း၊ ညောင်လွန့်၊ ကျေးချောင်း ကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။



တောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူများကိုယ်တိုင် မျိုးမွေးမြူရွေးချယ်ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းတွင် ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်မှသာ တစ်နိုင်ငံလုံး၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၌ မျိုးကောင်းမျိုးသန့်သုံးစွဲမှု လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သုတေသီများ၊ မျိုးစေ့ပညာရှင်များသည် တောင်သူများနှင့်အတူ သုတေသနစမ်းသပ်ကွက်အတွင်းကွင်းဆင်း၍ စပါးသားဆက်လိုင်းများကို ရွေးချယ်ကြရာ ဒုတိယဝန်ကြီးက ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်ကွင်းနှင့် သင့်တော်ကိုက်ညီသည့် ဗီဇပါမျိုးများရရှိနိုင်ကြောင်းနှင့် မျိုးရွေးချယ်ခြင်းဆိုင်ရာ မှတ်သားဖွယ်ရာများကို ရှင်းလင်းပြသသည်။

စပါးမျိုးသားဆက်လိုင်းများ မွေးမြူခြင်းကို တပ်ကုန်းမြို့နယ် ကွင်းအမှတ်(၁၃၀၄) တောင်သူဦးသိန်းအောင်၏ လယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူ၍ ကျော်ဇေယျ၊ ရတနာတိုး၊ ပြည့်ဝနှင့် ရွှေအာဆီယံ မိဘမျိုးများကို မျိုးစပ်မွေးမြူရရှိသည့် သားဆက်-၆ (F-6) များကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကာ ယနေ့အခမ်းအနားတွင် တောင်သူများပူးပေါင်းပါဝင်၍ မျိုးရွေးချယ်ကြခြင်းဖြစ်ပြီး တောင်သူများစိတ်ဝင်စားမှုအရ မျိုးနှံများရွေးချယ်ကာ တောင်သူတစ်ဦးခြင်းအလိုက် ဆက်လက်စိုက်ပျိုး၍ မျိုးရွေးချယ်ကြမည်ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသင့်တော်သည့် အထွက်ကောင်းမျိုးများ ရွေးချယ်ရရှိရေး တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဆီထွက်နှင့် ဝါသီးနှံ ဇုန်တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများအနေဖြင့် တောင်သူနှင့် တိုက်ရိုက်ထိတွေ့ကြရသည့် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးတာဝန်ခံများ၊ ဇုန်တာဝန်ခံများ၊ ကွင်းတာဝန်ခံများ၏ စွမ်းဆောင်ရည်ပြည့်ဝရေး၊ တောင်သူလိုအပ်ချက်ကိုသိရှိပြီး သက်ဆိုင်ရာ ဌာနများ၊ သုတေသနဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး၊ ဒေသအလိုက်ဖြစ်ထွန်းအောင်မြင်စေမည့် သီးနှံမျိုးများကို ဖော်ထုတ်ရှာဖွေ၍ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တောင်သူဝင်ငွေတိုးစေမည့် သီးနှံပုံစံချမှတ်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးဧက သီးနှံထွက်ရှိမှုပမာဏဆိုင်ရာ အခြေခံကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဇုန်တာဝန်ခံများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ ဒုတိယဝန်ကြီး က လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပျော်ဘွယ်၊ ကျောက်ဆည်ဒေသများ၌ ဝါနှင့် နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်သို့ သွားရောက်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစ၍ ငါးနှစ်စီမံကိန်းဖြင့် ခေတ်မီစံပြကျေးရွာ ဆောင်ရွက်နေသော မင်းလှသာစည်ကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံကိန်းကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ ကျေးရွာသူ ကျေးရွာသားများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆီထွက်သီးနှံများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ အခြေခံနှင့် မွမ်းမံအပ်ချုပ်သင်တန်း တက်ရောက်ခဲ့သော သင်တန်းသူများကို



တွေ့ဆုံမှာကြားကာ ၎င်းတို့၏ သင်တန်းဆင်း လက်ရာများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းစံပြကျေးရွာတွင် RBF ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့လေးဖွဲ့ ဖွဲ့စည်း၍ ဒေသန္တရမျိုးနှင့် ဆိတ်မျိုးများ မွေးမြူလျက်ရှိရာ ဒုတိယဝန်ကြီးသည် ဆိတ်မွေးမြူရေးအစုအဖွဲ့ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော ကျေးရွာတွင်းကွန်ကရစ်လမ်း ပေ ၆၀၀ ပြီးစီးမှုကိုလည်းကောင်း၊ ကျေးရွာသောက်သုံးရေ ရရှိရေးအတွက် ဆိုလာစနစ်သုံး စက်ရေတွင်း တူးဖော်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဖက်တောကျေးရွာသို့ သွားရောက်ပြီး ရှင်သန်ခြင်း လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံကာ ဝါမျိုးကောင်း မျိုးသန့်များနှင့် သွင်းအားစုများ တောင်သူလက်ဝယ်သို့ အချိန်မီရရှိရေး၊ အဆင့်မီဝါများ ခူးဆွတ်နိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး အသင်းသားတောင်သူ ဒေါ်တာတာမိုး၏ B-31 ဝါမျိုး သုံးဧက စိုက်ပျိုးထားမှုကို ကြည့်ရှုရာ ၎င်းစိုက်ခင်းမှ ခြောက်ကြိမ်ဆွတ်ခူးအပြီး ၄၁၃ ပိဿာထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ရန်အောင်ကျေးရွာသို့ သွားရောက်၍ TBL-9 ကုမ္ပဏီနှင့် သမဝါယမအသင်းသားတောင်သူများ ပူးပေါင်း၍ မတ်ပဲမျိုးစေ့များ ထုတ်လုပ်နေမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သော ကျီနီစံပြကျေးရွာနှင့် ဟင်းခွက်အိုင်ကျေးရွာ ချင်းဆက်လမ်း အရှည်နှစ်ဖာလုံ ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျီနီရွာ၏ မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်သော သံရည်ကျိုပုံသွင်းလုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းရှင် ဦးစိန်လွင်၏ အလုပ်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာသို့ သွားရောက်၍ နေကြာစိုက် သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံဆွေးနွေးရာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရှရှားရွက်ဖျန်း သဘာဝမြေဩဇာကို မျိုးစေ့စိမ်သည်မှစ၍ အသုံးပြုစိုက်ပျိုးထားသော တစ်ဆက်တစ်စပ်တည်း ရေဆင်းစပ်မျိုး-၁ နေကြာစိုက်ဧက ၁၀ ဧကစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် အမရပူရမြို့နယ် သမဝါယမအသင်းစု၊ အောင်သဇင် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ တန် ၆၀ ကျ ခေတ်မီအဆင့်မြင့်ဆန်စက် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဂျပန်လေကြောင်းလိုင်း ခရီးစဉ်အချို့ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွား




တိုကျို ဒီဇင်ဘာ ၂၆

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဂျပန် လေကြောင်းလိုင်း၏ ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းလိုင်း ခရီးစဉ်အချို့ နှောင့်နှေးကြန့်ကြာစေခဲ့ကြောင်း ဂျပန်လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဒီဇင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၄ မိနစ်ခန့်တွင် ပြင်ပစနစ်များနှင့် ဒေတာဆက်သွယ်ရေးအတွက် အသုံးပြုသည့် ၎င်း၏ကွန်ရက် စက်ပစ္စည်းများတွင် လေယာဉ်အသွားအလာ ရုတ်တရက် မြင့်တက်ခဲ့ကြောင်း ၎င်းတို့က ပြောသည်။

ထို့ပြင် ခရီးသည်တင်အိတ်များကို စီမံခန့်ခွဲခြင်းစနစ်အပါအဝင် ၎င်း၏စနစ်များတွင် ချို့ယွင်းမှုများ ဖြစ်ခဲ့ကြောင်း ဂျပန်လေကြောင်းလိုင်းက ဆက်လက်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၆ ရက် မွန်းတည့်ချိန်အထိ ပြည်တွင်းလေယာဉ် ၂၄ စင်းသည် မိနစ် ၃၀ မှ ၈၅ မိနစ်အထိ နှောင့်နှေးခဲ့ရပြီး အချို့သော နိုင်ငံတကာလေကြောင်းများမှာလည်း နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် လေယာဉ်လက်မှတ်များ ရောင်းချမှုကို ရပ်ဆိုင်းခဲ့ပြီး ၎င်း၏ အက်ပလီကေးရှင်း အသုံးပြုမှုကိုလည်း ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ဆိုက်ဘာ တိုက်ခိုက်ခံခဲ့ရသည့် စက်ကိရိယာများကို အသုံးပြုမှုရပ်ဆိုင်းထားပြီး အခြားစနစ်များကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဂျပန်လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောသည်။

သို့သော် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် လေကြောင်းလိုင်း၏ လေကြောင်း ပျံသန်းမှုဆိုင်ရာ လုံခြုံရေးကို ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

ထို့ကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများအတွက် လေကြောင်းလိုင်း အသုံးပြုသူများကို လေးလေးနက်နက် တောင်းပန်ကြောင်းလည်း လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## အီသီယိုးပီးယားနိုင်ငံတွင် လျှပ်စစ်ကား ထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်

အဒစ်အဘာဘာ ဒီဇင်ဘာ ၂၆

အီသီယိုးပီးယားနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်မှုမြှင့်တင်ရေးအတွက် အစိုးရက မက်လုံးအမျိုးမျိုးပေး၍ ဆောင်ရွက်နေကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း လျှပ်စစ်ကားထုတ်လုပ်မှု မြှင့်တင်ရေးအတွက် အစိုးရ၏ အမြော်အမြင်ကြီးမားသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံ၌ လက်ရှိအချိန်တွင် လျှပ်စစ်ကား ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းလျှပ်စစ်ကား တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးနိုင်ရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအတွက် သင့်တော်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးနိုင်ရန် ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးဝန်ကြီး ဗယ်ယီအိုဟက်ဆန်က ပြောသည်။

လျှပ်စစ်ကားထုတ်လုပ်မှုနှင့် လျှပ်စစ်ကားဆိုင်ရာ အရင်းအမြစ်များ မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံအတွင်း စဉ်ဆက်မပြတ် ပို့ဆောင်ဆက်သွယ်ရေးစနစ်တစ်ခုကို တည်ထောင်နိုင်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လျှပ်စစ်ကားထုတ်လုပ်ရေးကဏ္ဍတွင်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းပေးခြင်းနှင့် လျှပ်စစ်ကား အားသွင်းရုံများတည်ထောင်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်နေသည်။ နိုင်ငံအတွင်းလျှပ်စစ်ကားများသုံးစွဲခြင်းဖြင့် ပြည်ပမှ လောင်စာဆီဝယ်ယူရာတွင် သုံးစွဲရသည့် နိုင်ငံခြားငွေ ချွေတာရာရောက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## အာကာသစူးစမ်းလေ့လာရေးယာဉ် Parker Solar Probe နေနှင့်အနီးကပ်ဆုံး ရောက်ရှိနိုင်သည့် စံချိန်သစ်တင်နိုင်ဖွယ်ရှိ



ဝါရှင်တန် ဒီဇင်ဘာ ၂၆

နာဆာ(NASA)၏ အာကာသစူးစမ်းလေ့လာရေးယာဉ်တစ်ခုဖြစ်သည့် Parker Solar Probe သည် ဒီဇင်ဘာ ၃၁ ရက်တွင် နေနှင့်အနီးကပ်ဆုံး ချဉ်းကပ်ရောက်ရှိနိုင်သည့် စံချိန်သစ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Parker Solar Probe အာကာသယာဉ်သည် ဒီဇင်ဘာ ၃၁ ရက်တွင် နေ၏မျက်နှာပြင်မှ မိုင် ၃ ဒသမ ၈ သန်း (ကီလိုမီတာ ၆ ဒသမ ၁ သန်း) အတွင်း ဖြတ်သန်းလှည့်ပတ်သွားလာနိုင်မည်ဟု မျှော်လင့်ရပြီး ယခင်လုပ်ဆောင်ခဲ့သည့် မစ်ရှင်များထက် ခုနစ်ဆပိုမိုနီးကပ်ကြောင်း နာဆာက ဆိုသည်။

Parker သည် ၂၀၁၈ ခုနှစ်မှစတင်ကာ နေရောင်ခြည်စွမ်းအင်သုံးပြီး အာကာသအတွင်း စူးစမ်းလေ့လာမှုများကို ဆောင်ရွက်လျက်ရှိသည်။ ၎င်း၏မစ်ရှင် ၂၁ ခုအတွင်း ယခုအကြိမ်သည် နေနှင့် ပိုမိုနီးကပ်မည်ဖြစ်ကြောင်း သိရသည်။

NASA နှင့် Johns Hopkins Applied Physics Laboratory တို့ ပူးပေါင်းလုပ်ဆောင်သည့် အာကာသစူးစမ်းလေ့လာရေးဆိုင်ရာ ယခုမစ်ရှင်သည် လူသားတို့၏ မူလအစနှင့် နေရောင်ခြည်၏ ဆင့်ကဲဖြစ်စဉ်များကို ပိုမိုသိရှိနိုင်ရန်အတွက် တိုင်းတာမှုများနှင့် ရုပ်ပုံများကို စုဆောင်းရန်ရည်ရွယ်သည်။

ထို့ပြင် ကမ္ဘာမြေပေါ်ရှိ သက်ရှိများနှင့် နည်းပညာအပေါ် သက်ရောက်မှုရှိသော အာကာသပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို ခန့်မှန်းရာတွင်လည်း အရေးပါသော ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဘင်္ဂလားဒေ့ရှ်အစိုးရအတွင်းဝန်များရုံး၌ မီးလောင်မှုဖြစ်ပွား

ဒါကာ ဒီဇင်ဘာ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်အစိုးရအတွင်းဝန်များရုံး၌ ဒီဇင်ဘာ ၂၆ ရက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

၎င်းရုံးသည် ရှစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး မီးသတ်ကား ၁၉ စီးက မီးလောင်ကျွမ်းမှုကို သွားရောက် ငြိမ်းသတ်ခဲ့သည်။ မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီတွင် မီးလောင်ကျွမ်းမှုကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

၎င်းမီးလောင်ကျွမ်းမှုအတွင်း ဘင်္ဂလားဒေ့ရှ်အစိုးရအတွင်းဝန်များရုံး၏ ငါးထပ်၊ ခြောက်ထပ်၊ ခုနစ်ထပ်နှင့် ရှစ်ထပ်မြောက် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။ ဖြစ်စဉ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါရုံးအတွင်း စေ့စေ့စပ်စပ်ဝင်ရောက်၍ မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာ မရရှိမချင်း မီးလောင်ကျွမ်းမှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်မည်မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန အကြံပေး ဂျာဟန်ဂါ အလန်ချောင်ဒရီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## အဇာဘိုင်ဂျန်လေကြောင်းလိုင်း လေယာဉ်ပျက်ကျမှု၌ ခရီးသည် ၃၈ ဦး သေဆုံး



ဗာကူ ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အဇာဘိုင်ဂျန် လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျက်ကျမှုတွင် ခရီးသည် ၃၈ ဦး သေဆုံးကြောင်း ကာဇက်စတန် တာဝန်ရှိသူများက ပြောကြားသည်။

ကက်စပီယန် ပင်လယ်အရှေ့ဘက်ကမ်းခြေရှိ ကာဇက်စတန်နိုင်ငံ အက်တူလေဆိပ်အနီးတွင် ၎င်းလေယာဉ်သည် ရုတ်တရက် မြေပြင်သို့ ထိုးကျသွားပြီး မီးလောင်ကျွမ်းပေါက်ကွဲခဲ့ကြောင်း အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ယခုပျက်ကျခဲ့သည့် အမ်ဗရေယာ ၁၉၀ အမျိုးအစား လေယာဉ်အား ဘရာဇီးနိုင်ငံ အမ်ဗရေယာ ကုမ္ပဏီက ထုတ်လုပ်ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုတွင် ၃၈ ဦး သေဆုံးပြီး ၂၉ ဦးမှာ ဆေးကုသမှု ခံယူနေရသည်။ ၎င်းလေယာဉ်သည် အဇာဘိုင်ဂျန်နိုင်ငံ ဗာကူမြို့မှ ရုရှားနိုင်ငံ တောင်ပိုင်း ချေချင်းညာပြည်နယ် ဂရော့ဇနီမြို့သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျရာ အခင်းဖြစ်နေရာမှ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာကို သိမ်းဆည်းရမိကြောင်း ကာဇက်စတန် မီဒီယာများက ပြောကြားသည်။ ယခုဖြစ်ပွားသည့် လေယာဉ်ပျက်ကျမှု၏ အကြောင်းရင်းကို သိရှိနိုင်ရန် ကာဇက်စတန် နိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့ ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင် အခြားသစ်( သုည ဒသမ ၂၉၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၄၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၄၃၅၄၈ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ပန်ကွဲတောင်ရွာအနီး၌ တာလေမြို့မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် KIA Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၇၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်မြို့ မူလသုံးလမ်း ရွှေတံခါးရပ်ကွက်၌ မြဝတီမြို့မှ ပြည်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၂၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၉၇၈၁)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၂၉၇၈၁ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၆၇ တန်၊ အခြားသစ် ၆ ဒသမ ၃၄၂ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၃၈၅၀ ) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Shwe Htu Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၀၂၉၁၇၉)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များ အနေဖြင့် အရည်အသွေးပြည့်မီမှု မရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ် ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို ဒီဇင်ဘာ ၂၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော်မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါမြို့နယ်နှင့် ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အဆိုပါမြို့နယ်နှင့်ကျေးရွာများတွင် ပြည်သူများကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက်




လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများသွားလာနေထိုင်သည့် မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ မကြာခဏလုပ်ဆောင်နေသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်သည်ဟု ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၂-၂၀၂၄ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပေါက်ကွဲတိုင်းမြေမြို့လှိုင်ပွဲ ‘ရှမ်းပြည်နယ်ကျိုင်းတုံမြေမှ ချယ်ရီဝန်း’
- ၀၉:၁၀ စွန့်ဦးတီထွင်မှုမှသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဆီ
- ၀၉:၃၅ Soccer View
- ၁၀:၃၅ လှုမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ ‘ရတနာပုံ’(အပိုင်း-၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ယုံကြည်ရာလမ်း’ (အပိုင်း-၄၀)
- ၁၅:၀၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၀ နွဲ့စိုတူပျော်နှစ်(၁၀၀)ပြည့် အမျိုးသားကန်တော်ကြီးဥယျာဉ်ပန်းပွဲတော်
- ၁၇:၃၀ မဟာဆန်တဲ့ယဉ်ကျေးမှုအငွေ ကချင်ရိုးရာငွေပန်းထိမ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ ‘ရတနာပုံ’(အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ‘သံစဉ်ဝေဖြာပင်နှာအလုကဗျာ’ တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
- ၂၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:08 The Mandolinist
- 07:36 Mote Pel Sote from Intaing Village
- 07:45 Tastes of Home Land: Salt and Pepper Prawns
- 08:01 News
- 08:25 Asia Updates; Poisonous dinner
- 08:32 A Trip to Gyobyu Reservoir (Part-1)
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-4) King Parrot Got Trapped While Searching for Food
- 09:29 Myanmar Traditional Snacks: Sago Syrup with Sweet Potato
- 09:35 Artistic Values & Aesthetic Traditions
- 10:01 News
- 10:26 Topical Topics: Let's Drink Genuine Coffee
- 10:34 Lifestyle & Entertainment (Weekly Updates)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့် လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စိတ်ဝင်စားဖွယ်ရာများရှိရာ မြေကျွန်းသို့

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တေးလက်ဆောင်(အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ရှားစောင်းလက်ပပ်ရဲ့အစွမ်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့ မျှစ်ဟင်းရည်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
နည်းပညာနှင့်သုတကဏ္ဍ(စက်ဘီးတီထွင်သူများ)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ဘာလိုက်ဂူ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပျော်ရွှင်စရာဝ ရိုးရာစကောထမင်းဗိုင်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ‘သံစဉ်ဝေဖြာပင်နှာအလုကဗျာ’ တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ Football Highlihgts
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘အစ္စရေးနိုင်ငံ’
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အရိပ်တကြည့်ကြည့်’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ဆွစ်ဇာလန်နိုင်ငံ’
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ‘အာဖရိကနိုင်ငံ’ (အပိုင်း-၁)
- ၁၄:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၅၉)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စနစ်တကျပန်တီးတီထွင် မြန်မာ့အထူးတန်းကော်ပီလုပ်ငန်းခွင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၃၅ Rose Tour
- ၁၉:၂၀ Massive green bean harvest from the front yard trilles
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ချဲပီယံလေး(ဇာတ်လမ်း)
- ၂၂:၀၀ Hidden.Figures (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ ၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ် အမျိုးသားပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (Replay)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

○ ကျောဖုံးမှ

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် လုပ်ကြံပစ်ခတ်မှုကျူးလွန်သူများ ဖြစ်ကြသည့် တရားခံ ဖော်ဖော်ပိုလ်(ခ) ထွန်းထွန်းအောင်(၂၉)နှစ် (ဘ) ဦးသိန်းဇော်နှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်(၂၃)နှစ် (ဘ) ဦးမြင့်တို့အား ၎င်းတို့နေထိုင်ရာ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ် (၇၈၂)နေအိမ်၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် CZ 2075 RAMI P အမျိုးအစား အနက်ရောင် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ လုပ်ကြံပစ်ခတ်စဉ်အတွင်း အသုံးပြုစီးနင်းခဲ့သည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင် အငှားယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဖော်ဖော်ပိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်တို့၏ထွက်ဆိုချက်အရ လုပ်ကြံပစ်ခတ်မှုအတွင်း ပါဝင်သူ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ ရေတွင်းကုန်း-ဝါးတရာလမ်း "စိုင်းသူအောင်" အဆောင်နေ ကျော်ဇင်ဦး(ခ) ကျောင်းဆရာ (၃၁)နှစ် (ဘ) ဦးမြင့်ဦးအား ယင်းနေ့ ည ၁၀ နာရီခွဲတွင် Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံ မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၅ ရက်နံနက် ၁ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ(၅)လမ်း အိမ်အမှတ်(၁)နေ စိုင်းနောင်ထက်(ခ)အာကြီး(၂၇) နှစ် (ဘ)ဦးဇော်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိုင်းနောင်ထက် (ခ)အာကြီးအား ၎င်းနေထိုင်သည့် အဆောက်အအုံ ပထမထပ်၏ ထပ်ခိုးပေါ်တွင် အနက်ရောင် စက္ကူဘူးအတွင်းထည့်၍ ဝှက်သိမ်းထားသည့် SIG SAUER အမျိုးအစားအနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ 9 mm ကျည် ၃၃ တောင့်၊ မီးခိုးဗုံး နှစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ ကျော်ဇင်ဦး (ခ)ကျောင်းဆရာ၊ ဖော်ဖော်ပိုလ် (ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော်(ခ) ငယ်ငယ်တို့ သုံးဦး၏ထွက်ဆိုချက်များအရ ၎င်းတို့ သုံးဦးသည် Free Land Attack Force(FLA) အမည်ခံ အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပြီး ၎င်းအဖွဲ့တွင် အဖွဲ့ဝင် ၁၅ ဦးခန့်ရှိကာ အဖွဲ့ခေါင်းဆောင်မှာ ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ် (စိစစ်ဆဲ)ဖြစ်ပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် နေထိုင်သူဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများအား အဖွဲ့ခေါင်းဆောင်ဖြစ်သူ နေမျိုးနွယ်၏ စေခိုင်းချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းငွေအား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ရန်အတွက် ဒီဇင်ဘာ ၂၂ ရက်တွင် FLA အဖွဲ့ခေါင်းဆောင် နေမျိုးနွယ်က တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာပါ သုံးဦးတို့အား Telegram မှ ဆက်သွယ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ငှားရမ်းထားသည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင်အငှားယာဉ်အား ဖော်ဖော်ပိုလ်(ခ) ထွန်းထွန်းအောင်က မောင်းနှင်၍ ကျော်ဇင်ဦး(ခ)ကျောင်းဆရာနှင့် မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်တို့က ပစ္စတိုသေနတ် တစ်လက်စီဖြင့် အုပ်ချုပ်ရေးမှူး ဦးစန်းငွေအား ရုံးရှေ့ ငါးပေအကွာခန့်မှ လုပ်ကြံ ပစ်ခတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုပ်ကြံပစ်ခတ်ပြီးနောက် တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာနှင့် ဖော်ဖော်ပိုလ် (ခ) ထွန်းထွန်းအောင်တို့က ပစ္စတိုသေနတ် တစ်လက်စီယူဆောင်သွားခဲ့ကြပြီး မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်က ၎င်းကိုင်ဆောင်သည့် SIG SAUER အမျိုးအစား အနက်ရောင် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ 9 mm ကျည် ၃၃ တောင့်တို့အား စိုင်းနောင်ထက် (ခ) အာကြီး၏ နေအိမ်တွင် သွားရောက်အပ်နှံသိမ်းဆည်း ထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဆက်လက် စစ်ဆေးချက်များအရ တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာ၊ ဖော်ဖော်ပိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဉ္ဇာကျော် (ခ) ငယ်ငယ်တို့ သုံးဦးသည် FLA အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ်၏ စေခိုင်းချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဗညားဒလလမ်းပေါ်ရှိ တာမွေမြို့နယ်လျှပ်စစ်မန်နေဂျာရုံးအား လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ခြင်းနှင့် ဒီဇင်ဘာ ၁၀ ရက် ညပိုင်းတွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကျိုက္ကဆံလမ်းနှင့် မလွှကုန်းလမ်းထောင့်ရှိ တာမွေမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုနှစ်ကြိမ် ကျူးလွန်ခဲ့ကြကြောင်း။

တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာ၊ မေမြတ်သဉ္ဇာကျော် (ခ)ငယ်ငယ်နှင့် ဖမ်းဆီးရန်ကျန်တရားခံ Free Land Attack Force(FLA) အဖွဲ့ဝင်ဖြစ်သူ အောင်မျိုးအေး (ခ)ဆာကူရာ (စိစစ်ဆဲ) တို့ သုံးဦးသည် ၂၀၂၃ ခုနှစ် မေလအတွင်း အင်းစိန်ပန်းခြံ လျှပ်စစ်ရုံးရှေ့ ခြံစည်းရိုးဘေးတွင် ချိန်ကိုက်မိုင်းသုံးလုံး၊ ဇွန်လအတွင်း တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးရှေ့ ခြံစည်းရိုးတွင် ချိန်ကိုက်မိုင်း တစ်လုံး၊ ဩဂုတ်လအတွင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းမင်းဓမ္မလမ်းမီးပွိုင့်အနီးရှိ CCTV ပုံးတွင် ရီမုမိုင်းတစ်လုံးတို့အား အကြမ်းဖက် မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းသုံးကြိမ် ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ကြံပစ်ခတ်မှုနှင့် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်မှုများကျူးလွန်ခဲ့သူ Free Land Attack Force (FLA) အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များဖြစ်ကြသော ကျော်ဇင်ဦး (ခ)ကျောင်းဆရာပါ လေးဦးတို့အား ပြစ်မှုများကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် သုံးလက်၊ ကျည်မျိုးစုံ ၅၂ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မီးခိုးဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကာ အကြမ်းဖက်မှု ပြုလုပ်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့၊ ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

**စမ်းချောင်းမြို့မရဲစခန်း(ပ)၅၀၂/၂၀၂၄၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)၊ ၅၄ ၂၄-၁၂-၂၀၂၄ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်လမ်း ဟုမ်းလမ်းဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းငွေအား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်မှု**




# ရွှေတောင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၈၂ ဧက လျာထားစိုက်ပျိုးပြီးစီး

ရွှေတောင် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၈၂ ဧက လျာထားစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် ၂၁၈၂ ဧက လျာထားစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံစိုက်ပျိုးတောင်သူတွေကို ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ကွင်းသရုပ်ပြပွဲတွေနဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းတွေ ဖွင့်လှစ်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်ကပြောသည်။

ရွှေတောင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၅၈၉၃ ဧက၊နှမ်း ၅၁၉၄ ဧက၊ နေကြာ ၇၃၅ ဧက စုစုပေါင်း ၂၁၈၂၂ ဧက လျာထားစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



## လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်း - တမီးလ်နာဒူး မြောက်ပိုင်း ကမ်းခြေအနီး) တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ၊ (ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမယ့် သမိုင်းအချက်အလက်တွေကို အကောင်းဆုံးပြင်ဆင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နဲ့ စီးပွားရေးပုံစံပြောင်းလဲမှုတွေ၊ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်တွေကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် – မြန်မာစစ် (၁၈၂၄–၁၈၂၆) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် – မြန်မာစစ် (၁၈၅၂–၁၈၅၃) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် – မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ် ရင်ဆိုင်ခဲ့ရတယ်။ ပထမ အင်္ဂလိပ် – မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနဲ့ ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် – မြန်မာစစ်အပြီးမှာ ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နဲ့ အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့ စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာ မရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်တွေ တိကျစွာ သတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင်အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံကျေးလက် ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေး ပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ် ကာလပြီးရင် မြန်မာပြည်ရဲ့အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရေးနဲ့ ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူတွေနဲ့ တွဲရေးကို လိုလားသူတွေဆိုပြီး အုပ်စုတွေ ကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာန အုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင် ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာ ကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ၉၁ ဌာန အုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနတွေနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်တွေ အုပ်ချုပ်ခွင့်ရတဲ့ဌာနတွေ၊ ၉၁ ဌာန အုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာမှုတွေကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းတွေဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးတွေကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ် အမည်နဲ့ ကုမ္ပဏီလေးခုက လည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်တွေ၊ အလုပ်သမားတွေ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းတွေ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေအနေတွေကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားတွေကို ခေါ်ယူခဲ့တယ်။ အလုပ်သမားတွေအနက် စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်တဲ့အလုပ်သမားတွေရဲ့ ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားတွေဟာ အရင်းရှင်တွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားတွေရဲ့ ဘဝဟာပိုမိုဆိုးရွားလာခဲ့တယ် ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းတွေအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ကျေးလက်တောရွာနေ ပြည်သူတွေဟာ မြန်မာဆေးဝါးတွေနဲ့ တိုင်းရင်းဆေးဆရာတွေကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်း ဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံတွေကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးတွေမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈–၁၉၆၂) ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလ ဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် နှစ်ရပ်ရှိတယ်။ လွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်တွေကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးတွေ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန် ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နဲ့ လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်တွေကို အဆင့်ဆင့် ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကို အခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်တွေကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင် ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရတွေလက်ထက် စီးပွားရေး၊ လူမှုရေး ပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာတော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့ လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက် ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်တွေ ချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းတွေကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲတွေ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ်အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။ စာမျက်နှာ ၁၇ သို့ »»

»»» စာမျက်နှာ ၁၆ မှ

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုတွေကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတွေလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းတွေကို ကျေးရွာတွေနဲ့ နယ်စပ်ဒေသတွေမှာ တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်းလေးခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာတွေနဲ့ စီးပွားရေးပုံသဏ္ဍာန်တွေကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာတွေ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်တွေ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီတွေ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီးငါးရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်တွေကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနဲ့ ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာတွေ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံတွေ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာ ကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုတွေ ဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်တွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ချက်တွေ၊ ရာသီဥတုဆိုင်ရာပြဿနာတွေကြောင့် လူသားတို့ရဲ့ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုတွေကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသော ကမ္ဘာ့နိုင်ငံတွေအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်တွေက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒတွေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွေ၊ တိန့်ရှောင်ဖိန်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြည်တွင်း ပြည်ပ စိန်ခေါ်မှုတွေကို လေ့လာသိရှိဖို့ လိုအပ်တယ်။ ပြည်တွင်း ပြည်ပစိန်ခေါ်မှုတွေကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုတွေအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရပ်ဝန်းနဲ့လမ်းအစီအစဉ် ဘီအာအိုင် (BRI–Belt and Road Initiative) ကိုလည်း သိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်ရာမှာ အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးတို့အပေါ် စိန်ခေါ်မှုတွေ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသမိုင်းဘာသာရပ် မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ၊ သင်ခန်းစာတစ်ခုစီမှ အဓိက မှတ်သားသင့်သော အချက်တွေကို နားလည်သိရှိမှု ရှိ မရှိ စစ်ဆေးတဲ့ မှတ်စုတိုမေးခွန်းတွေ၊ သမိုင်းအကြောင်းအရာတစ်ခုစီရဲ့ အခြေခံအကြောင်းရင်းတွေနဲ့ အကျိုးသက်ရောက်မှုတွေ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်တွေပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ) ဆိုပြီး အပိုင်းသုံးပိုင်းပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း သုံးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင် မေးထားတဲ့ မေးခွန်းတွေဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း လေးမျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁ (က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာ ဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့(၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) အထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ်၊ စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှခြောက်ပုဒ်ကို မှတ်စုတိုရေးပါ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ ပါဝင်တယ်။ အဲဒီ (၈) ပုဒ်ထဲက နှစ်သက်ရာ (၆) ပုဒ်ကို ဖြေဆိုရမှာ ဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ် ဖြစ်ပြီး စုစုပေါင်းရမှတ် (၃၀) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ် ဖြစ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ်မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာ တစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာတွေကို အစအဆုံး ကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းတွေကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူတွေအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေ။

# မြစ်ကြီးနားမြို့နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ရှိသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်လေးပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး/အကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာရှိ သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦး တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက် ၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ၂၀၂၅ ခုနှစ် နှစ်ကူးကြိုဆိုပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယခင်နှစ်များနှင့်မတူ ပိုမိုခမ်းနားထည်ဝါစွာ၊ ရင်းနှီးနွေးထွေး ပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်နယ်နေ့အထိမ်းအမှတ် အဖွင့်မနေ့နှင့် အပိတ်မနေ့၊ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားနှင့် ဒေသထွက်ထုတ်ကုန်ပစ္စည်းပြခန်းများ၊ သစ်သီးဝလံပြပွဲ/ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပြုလုပ်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဧရာဝတီ ရှုခင်းသာအပန်းဖြေစခန်းဖွင့်ပွဲနှင့် ကချင်ပြည်နယ်ယဉ်ကျေးမှုပြတိုက် တိုးချဲ့အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားများ ပြုလုပ်သွားမည့်အစီအစဉ်များနှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးကြိုဆိုပွဲ အခမ်းအနားကို အဆိုပါဧရာဝတီရှုခင်းသာ အပန်းဖြေစခန်းအတွင်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အစည်းအဝေးအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်အတွင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ်ယဉ်ကျေးမှုပြတိုက်ဝင်းအတွင်း ယဉ်ကျေးမှုပြတိုက် နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ပြတိုက်အဆောက်အအုံသစ် မြေညီထပ်တွင် ဖွင့်လှစ်ပြသသွားမည့် ပြခင်းပြကွက်အစီအမံများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနား ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပြတိုက်အဆောက်အအုံသစ်အတွင်း ကချင်ပြည်နယ်၏ အထင်ကရနေရာများပါဝင်သည့် ပြခင်းပြကွက်ခန်းနှင့်အတူ ဧည့်ကြိုကောင်တာနှင့် ကော်ဖီဆိုင်၊ Digital Museum ပြကွက်၊ ဒြပ်မဲ့ယဉ်ကျေးမှုပြခန်းနှင့် အစည်းအဝေးခန်းမ၌ Mini Theatre & Function Hall ပါဝင်မည်ဖြစ်ကြောင်းနှင့် ဒုတိယထပ်တွင် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများအရ ကျင်းပသောပွဲတော်များထဲမှ ခမ်းနားကြီးကျယ်သည့် မနောပွဲပြကွက်၊ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများပြကွက်တို့ကို ဒစ်ဂျစ်တယ်ပြတိုက်အဖြစ် အဆင့်မြှင့်တင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၆**

မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့ဝင်များအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုများရရှိစေရန်နှင့် မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ယုံကြည်မှုပြည့်ဝစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လေးနိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)၌ ကျင်းပသည်။

**အပြန်အလှန်မိတ်ဆက်**

ဦးစွာ မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အပြန်အလှန်မိတ်ဆက်ပြီး မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ) ရဲမှူး(ဦးစီး) ရဲမှူးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ဒိုင်လူကြီးက အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံအားကစားအသင်းများက နိုင်ငံအလိုက် ချစ်ကြည်ရေး ဘောလုံးပွဲ၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်နှင့် လွန်ဆွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ လွန်ဆွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု အနိုင်ရရှိသည့် ချစ်ကြည်ရေးအသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ လေးနိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရေကြောင်းကင်းလှည့်ရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး တတိယအဆင့်ရဲချုပ် ဗိုလ်ချုပ် Li Shujunနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုနိုင်ငံ နမ့်ထားခရိုင်စစ်ဒေသဗိုလ်မှူးချုပ် INKEO နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ အမှတ် (၅) ရဲတပ်ဖွဲ့ရဲမှူးချုပ် Noppadol Krungkraiနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ) ရဲမှူး(ဦးစီး) ရဲမှူးကျော်စိုးနှင့် ရေကြောင်းရဲတပ်ဖွဲ့ဝင်များ တတ်ရောက်ကြသည်။

မြင့်မိုရ်(တာချီလိတ်)

# မြဝတီခရိုင် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၆**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီခရိုင် ပညာရေးကော်မတီ ဥက္ကဋ္ဌဖလား အသက် (၁၆) နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ကျောင်းပေါင်းစုံ ပြိုင်ပွဲဝင်အသင်းလိုက် အားကစားသမားများက ကွင်းအတွင်းနေရာယူပြီး နိုင်ငံတော်အလံအလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဘင်ခရာအဖွဲ့ နှစ်ဖွဲ့အား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးသည်။

ထို့နောက် ပြိုင်ပွဲစတင်ကျင်းပခဲ့ရာ အထက(ဝါးတော)နှင့် မူလွန်(စောနေစိုးမြ)ကျောင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားတို့က ကွင်းအတွင်းနေရာယူပြီး မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ဘောလုံးစတင်ကန်သွင်းခြင်းဖြင့် ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းပေါင်းစုံ အသက်(၁၆) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို အသင်းအုပ်စု ၁၅ အုပ်စုတို့က ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ဆုရရှိသည့်အသင်းအုပ်စုများအား ဆုများပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း (မြဝတီ)**

# ဝါးခယ်မမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဖလား) အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ဝါးခယ်မ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်း ဒေသကြီး ဝါးခယ်မမြို့နယ် ထွန်းမေတ္တာ ဖူဆယ်ဘောလုံးကွင်းတွင် ယနေ့ နံနက် ၉ နာရီက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဖလား) အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမျိုးညွန့်တို့က အမှာစကားပြောကြားပြီး (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဖလား) အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကနစိုးကုန်း (FC) အသင်းနှင့် လှေကျင်း (FC) အသင်း၊ ရဲတပ်ဖွဲ့ဝင် (FC) အသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်(FC) အသင်းတို့ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

## မွန်ကရင်တိုင်းရင်းသားစကားထာ

ရှေးသရောအခါက ရာမညတိုင်းဒေသရှိ ကျေးလက်ရွာလေး တစ်ရွာတွင် 'ဗညားနှင့် လဂွန်းအိမ်'ဟု အမည်ရှိသည့် မွန်တိုင်းရင်းသား ဆယ်ကျော်သက်လူငယ်သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ် ကျောင်းစားဖြင့် လောကီ၊ လောကုတ္တရာပညာရပ်များကို သင်ယူလျက်ရှိပြီး စည်းကမ်းသေဝပ်ကာ စာပေကိုကြိုးစားသင်ယူကြသူများ ဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးသည်လည်း မွန်တိုင်းရင်းသားပင်ဖြစ်သည်။ စာပေကျမ်းဂန်အရာတွင် ကျွမ်းကျင်နှံ့စပ်ပြီး သင်ကြားပို့ချမှုတွင်လည်း ကောင်းသတင်းဖြင့် ကျော်ကြားသည်။

အားလပ်သည့်အချိန်များတွင် ဗညားနှင့် လဂွန်းအိမ်တို့သည် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ ကစားဖို့အချိန်တန်နေပြီ၊ ဥာဏ်စမ်းမေးခွန်းတွေ မေးရင်း ကစားကြရအောင်ကွာ။ ငါကတော့ အဆင်သင့်ဖြစ်ပြီနော်"

"သူငယ်ချင်း အဆင်သင့်ဖြစ်ရင် ကစားကြတာပေါ့"

ဗညား၏ပြောစကားကို လဂွန်းအိမ်ကလည်း အလိုက်သင့် ပြန်ပြောလိုက်လေသည်။

"မေးတော့မယ်သူငယ်ချင်းရေ ကြိုးစားသာဖြေပါတော့။ သူငယ်ချင်းရယ်၊ မဖြေနိုင်ရင် ပန်းပေးကွယ်၊ အဖြေတွေက အလွယ်လေးမှအလွယ်လေး။ မွန်-ကရင် စကားထာဥာဏ်စမ်းထဲကပဲ ရွေးချယ်ဖြေဆိုမှ အဖြေမှန်မယ်နော် သူငယ်ချင်း"

"မေးမယ်ဆိုလည်း မေးပါဗညားရာ ဟိုလိုလိုဒီလိုလိုတွေ လုပ်မနေပါနဲ့"

လဂွန်းအိမ်က စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်ရာ ဗညား တစ်ယောက် သဘောတကျ ရယ်မောလိုက်ရင်း ဖြည်းဖြည်းချင်း မေးခွန်းကိုဆက်မမေးသေးဘဲ စကားကိုဆက်ပြန်သည်။

"မေးခွန်းမစခင် သူငယ်ချင်းကို အောက်လိုင်းပေးနေတာပါ။ ကဲ- မေးပြီကွာ။ ဘာတဲ့- 'လူမကြဲဘဲ ပွင့်တဲ့အပွင့်က ဘာလဲ'။ အဲဒါ မေးခွန်းပဲ ဖြေပေတော့ သူငယ်ချင်းလဂွန်းအိမ်ရေ"

ဗညား၏ ဉာဏ်စမ်းမေးခွန်းကို လဂွန်းအိမ်က တီးတိုးရေရွတ်ကြည့်ရင်း စဉ်းစားနေသည်။ ခဏအကြာတွင် လဂွန်းအိမ်က ပြုံးပြီး မေးခွန်း၏အဖြေကို ဖြေလိုက်တော့သည်။

"အဖြေတွေကတော့ အများကြီးတွေ့ပါတယ်ကွာ။ သူငယ်ချင်း လိုချင်တဲ့အဖြေက မွန်-ကရင်တိုင်းရင်းသား စကားထာဥာဏ်စမ်း တွေထဲကဆိုတော့ အဖြေမှန်ကို ပြောရမှာပေါ့။ အဖြေမှန်က "ကြယ်ပွင့်" ပေါ့ကွာ၊ ဟုတ်တယ်ဟုတ်"

လဂွန်းအိမ်၏အဖြေစကားကို ဗညားက လက်မထောင်ကာ မှန်ပါတယ်ဟုပြောရင်း ဆက်ပြောသည်။

"မှန်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမဲ့ ဒီတစ်ခါလည်း ငါပဲ မေးခွန်းမေးချင်သေးတယ်"

"ရပါတယ် ဗညားရာ။ မေးချင်သေးရင်လည်းမေးပါဗျား။ ငါက လည်း ဖြေနိုင်ဦးမှာပါပဲ" လဂွန်းအိမ်က ဗညား၏ဆန္ဒကို လိုက်လျော ပေးလိုက်ရာ ဗညားလည်း ပိုမိုပျော်ရွှင်သွားတော့သည်။

"ကျေးဇူးပဲ သူငယ်ချင်းရေ၊ မင်းမေးရမယ့်အလှည့်ကို သဘော ထားကြီးကြီးနဲ့ ငါ့ကိုဦးစားပေးလိုက်တာ လေးစားတယ်ကွာ။ မေးခွန်း က 'လူတွေမတီးဘဲမြည်တဲ့အသံက ဘာသံလဲ'ဆိုတာပဲကွာ၊ ဖြေပေး ပါဦးသူငယ်ချင်း"

**"အချင်းချင်း မြှောက်မနေပါနဲ့ကွာ။ ဒါဆို ငါမေးရမယ့်အလှည့်ဆိုတော့ မေးခွန်းထုတ်လိုက်ပြီနော်။ 'ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးကိုလင်းစေတာ ဘာဖြစ်မလဲ' ဖြေပေတော့ သူငယ်ချင်း ဗညားရေ"**

**လဂွန်းအိမ်က ဗညား၏စကားကို ပြန်ပြောရင်း သဘောတကျ ရယ်မောလိုက်လေသည်။ "အေးပါကွာ၊ အဖြေမှန်က ရနေပါပြီ။ ဖြေမယ်နော် 'လမင်း'ဆိုတဲ့ အေးချမ်းတဲ့ပန်းတစ်ပွင့် ဆိုရင် မှန်ရောပေါ့"**

"ဗညားရာ၊ ဒီမေးခွန်းက ပိုတောင်လွယ်နေမလားလို့။ ငါ တစ်ခါတည်းဖြေလိုက်ရင် ကောင်းပါ့မလားလို့ တွေးနေတာ။ 'လူတွေ မတီးဘဲ မြည်တဲ့အသံက ဘာသံလဲ' ဆိုတဲ့ မေးခွန်းရဲ့အဖြေကတော့ အမျိုးမျိုးတော့ရှိတာပေါ့ကွာ။ သူငယ်ချင်းလိုချင်တဲ့ အဖြေက မွန်-ကရင် တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကဆိုတော့လည်း အဲဒီအဖြေကိုပဲ ဖြေပေးလိုက်ပါ့မယ်။ တိကျသေချာတဲ့အဖြေက 'မိုးကြိုးပစ်သံ'ပေါ့ ဗညားရာ၊ ဒါဆိုရင် အဖြေလည်းမှန်၊ သူငယ်ချင်း လည်းကျေနပ်လောက်ပြီ မဟုတ်လား"

"အင်း- ကျေနပ်ပါတယ်။ သိပ်ကိုကျေနပ်တယ်။ အဖြေကလည်း တိကျတယ်။ သူငယ်ချင်းက စာတွေအဖတ်များတော့ ဗဟုသုတကြွယ်ဝ ပြီး သေချာမှန်ကန်အောင်ဖြေနိုင်တာကို အားကျတယ် သူငယ်ချင်းရာ"

"အချင်းချင်း မြှောက်မနေပါနဲ့ကွာ။ ဒါဆို ငါမေးရမယ့်အလှည့် ဆိုတော့ မေးခွန်းထုတ်လိုက်ပြီနော်။ 'ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာ လုံးကိုလင်းစေတာ ဘာဖြစ်မလဲ' ဖြေပေတော့ သူငယ်ချင်းဗညား ရေ"

လဂွန်းအိမ်၏အမေးကို ဗညားက တစ်ချက်စဉ်းစားပြီး အဖြေကို ချက်ချင်းမဖြေသေးဘဲ ဆက်ပြောသည်။ "မေးခွန်းက 'ပန်းတစ်ပွင့်တည်း နဲ့ တစ်ကမ္ဘာလုံးကို လင်းစေတာဘာဖြစ်မလဲ' ဆိုတော့ကွာ နေမင်းများ ဖြစ်နေမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ ငါအောက်လိုင်းပေး ထားသလို မွန်-ကရင် တိုင်းရင်းသားစကားထာဉာဏ်စမ်းတွေထဲက ပဲဖြေမှ အဖြေက မှန်ကန်တိကျမယ်ဆိုတော့ကွာ"

"ဒါပေါ့သူငယ်ချင်းရယ်၊ မေးခွန်းမမေးခင်ကတည်းက စည်းမျဉ်း စည်းကမ်းကို သူငယ်ချင်းပဲ ထုတ်ထားတာလေ၊ လိုက်နာရမှာပေါ့ ဟင်းဟင်းဟင်း"

လဂွန်းအိမ်က ဗညား၏စကားကို ပြန်ပြောရင်း သဘောတကျ ရယ်မောလိုက်လေသည်။ "အေးပါကွာ၊ အဖြေမှန်က ရနေပါပြီ။ ဖြေမယ် နော် 'လမင်း'ဆိုတဲ့ အေးချမ်းတဲ့ပန်းတစ်ပွင့်ဆိုရင် မှန်ရောပေါ့ကွာ"

ဗညား၏ အဖြေစကားကို မှန်ကန်ကြောင်းနှင့် ဖြေဆိုပုံကိုချီးမွမ်း နေစဉ်မှာပင် ဘုန်းကြီးကျောင်းဆီက သံချောင်းခေါက်သံ နှစ်ချက် ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦးသား ဘုန်းကြီးကျောင်း ပေါ်သို့ အပြေးအလွှား တက်သွားကြတော့သည်။

# မြန်မာတိုင်းရင်းသားပုံပြင်များ

မင်းသက်တင်

## ကြောင်တွေ မစင်ကိုလုံအောင်သိမ်းတဲ့ရာဇဝင်

"မင်းရဲ့ နှုတ်ခမ်းမွေးဟာ မင်းကိုယ်ရဲ့ပမာဏ အတိုင်းအတာပဲ။ မင်းကိုယ်အနေအထားကို ကိုယ်စားပြုတာပဲ။ ဒါကြောင့် မင်းဝင်ချင်တဲ့အပေါက် ကို နှုတ်ခမ်းမွေးနဲ့ တိုင်းတာလိုက်။ နှုတ်ခမ်းမွေးက အပေါက်ထက်ရှည်နေရင် မဝင်နဲ့။ မင်းကိုယ်နဲ့ မဆံ့ဘူး။ မင်းဒုက္ခရောက်နိုင်တယ်။ လွတ်လွတ် ကျွတ်ကျွတ် ဝင်ထွက်ဖို့မလွယ်ဘူးဆိုတာ သဘော ပေါက်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ တန်ဖိုးကြီးလှတဲ့ အဖိုးတန် ပညာတွေပါပဲ ဆရာရယ်"

ဆရာကြောင်ရဲ့ ပညာတွေဟာ တပည့်ဖြစ်တဲ့ ကျားတစ်ကောင်အတွက် အလွန်အဖိုးတန်တာပေါ့။ အပေါက်တစ်ပေါက်အတွင်းကို ဝင်ချင်ရင် ဝင်လို့ ရနိုင်၊ မရနိုင်သိရှိနိုင်တဲ့နည်းပညာကို ဆရာဖြစ်တဲ့ ကြောင်က သင်ပေးတဲ့ စကားတွေပဲဖြစ်တယ်။

"ညဥ့်အမှောင်ထဲမှာလည်း ကောင်းကောင်း မြင်ရပြီ ဆရာ"

ကြောင်ဟာ ကျားအား အဖိုးတန်ပညာတွေ ဖြစ်တဲ့ ညဥ့်အမှောင်ထဲတွင်မြင်ရစေရန် မျက်စိ သူငယ်အိမ်ကို ချဲ့သောချုံ့သောပညာကို သင်ပေး လိုက်တာကြောင့် ကျားက ညဥ့်အမှောင်ထဲမှာ ကောင်းမွန်စွာမြင်ရပြီဖြစ်ကြောင်း ဆရာကြောင်ကို ဝမ်းသာအားရ ပြောကြားလိုက်ခြင်းပင်။

လက်သည်းကို ထုတ်ရတဲ့အခါနဲ့ သိမ်းရတဲ့ အခါ၊ အမြင့်ကနေခုန်ချပုံနဲ့ အမြင့်သို့ခုန်တက်ပုံတို့ကို တစ်မျိုးပြီးတစ်မျိုး စိတ်ရှည်လက်ရှည် သင်ကြား ပေးလေတယ်။

တပည့်ဖြစ်တဲ့ကျားကို သင်ပေးပြီးတဲ့ နည်းပညာ တွေကို လက်တွေ့လုပ်စေတယ်။ ကျားဟာ ကျိုးကျိုး နွံ့နွံ့နဲ့ စိတ်ပါလက်ပါ သင်ယူတဲ့အပြင် ဆရာကြောင် ရဲ့ စိတ်ကြိုက်ဖြစ်အောင် လုပ်ဆောင်ပြနိုင်တယ်။

"ငါ့တပည့် ကျားက ပညာပြည့်စုံပြီ၊ သင်ကြားမှု အားလုံးကို လက်တွေ့လုပ်နိုင်တယ်။ တကယ်ကို တော်ပါပေတယ်"

တစ်ကြိမ်နှစ်ကြိမ်မှာတော့ ဆရာစိတ်ဝင်နေတဲ့ ကြောင်ဟာ တပည့်ကျားလုပ်ပြသမျှကို အလွန် သဘောကျတာပေါ့။ ဆရာဖြစ်တဲ့ကြောင်နဲ့ ထပ်တူ ကျအောင်လုပ်ပြနိုင်တဲ့ ကြိမ်ဖန်များလာတဲ့အခါ ဆရာဖြစ်တဲ့ကြောင်က တိရစ္ဆာန်စိတ် ဝင်လာတော့ တာပေါ့။

"ငါက အကောင်သေးသေးလေးပဲ၊ ကျားက ငါ့ထက်အဆမတန်ကြီးတယ်။ ငါတတ်သမျှအားလုံး ကို ကျားက တတ်နေသိနေရင် ငါကိုယ်တိုင် ဒုက္ခ ရောက်သွားနိုင်တယ်"

ဆရာဖြစ်တဲ့ကြောင်က အတွေးဝင်လာလို့ အရေးကြီးတဲ့နည်းပညာတစ်ရပ်ကိုတော့ ကျားကို သင်မပေးတော့ဘဲ ချန်ထားလိုက်တယ်။ ဆရာစား ချန်တယ်ဆိုပါတော့ကွယ်။

ကြောင်က သင်ပေးလိုက်တဲ့ပညာတွေနဲ့ ကျား က အမဲလိုက်ထွက်တဲ့အခါ ကျားရဲ့အမြီးကြီးက မြေပြင်ကို တဖတ်ဖတ်ရိုက်ကာပါလာတာမို့ သားကောင်တွေက အသံကြားပြီး ပြေးကြတော့တာ ပေါ့။ ကျားလည်း အလွယ်တကူ သားကောင်ရှာလို့ မရနိုင်ဘူးဖြစ်နေရတာပေါ့ကွယ်။

"ဆရာကြောင်ကတော့ ငါ့ကိုသင်ပေးတာ အမြီးထားသိုနည်းကို သင်ပေးဖို့မေ့သွားတယ် ထင်တယ်" ကျားက လက်တွေ့အမဲလိုက်ရာက သိလာရတဲ့အသိတရားကို ဆရာကြောင်ကိုပြောပြ မယ်လို့တွေးပြီး အမြီးထားသိုနည်းသင်ပေးဖို့ ဆရာ ကြောင်ထံသို့ သွားတဲ့အခါ ဆရာကြောင်က လုံးဝ အတွေ့မခံတော့ဘူးပေါ့။ ကျားဟာ ဆရာကြောင်ထံ ကိုသွားတော့လည်း မတွေ့ရ၊ အမဲလိုက်တော့လည်း သားကောင်မရတာကြောင့် စိတ်တိုကာ ဒေါသထွက် လာရတော့တယ်။

"ဆရာလုပ်နေပြီးတော့ ကိုယ့်တပည့်ကို ပညာ စုံအောင်သင်မပေးဘူး။ သည်လိုလုပ်တာ ကောင်း သလား၊ ဆရာမပီသလိုက်တာ၊ ဆရာစားချန်တယ် ဆိုတာ ဒါမျိုးကို ပြောတာထင်တယ်"

ကျားဟာ တစ်ကောင်တည်းမြည်တွန် တောက်တီးကာ ဒေါသလည်းဖြစ်နေလေရဲ့။ တောထဲမှာ လျှောက်သွားပြီး ဆရာဖြစ်တဲ့ကြောင်ကို ကြားလောက်အောင် ဟစ်အော်ပြောဆိုပေမယ့် ဆရာကြောင်ကတော့ ဘာမှတုံ့ပြန်မှုမရှိဘဲ ဘယ်တော့မှလည်း အတွေ့လည်းမခံတော့ဘူးတဲ့ ကွယ်။

ဒီလိုနဲ့ ကျားက ပိုပိုပြီးဒေါသတွေထွက်လာ တော့တယ်။

တစ်နေ့မှာတော့ ကျားက ဆရာကြောင်ကို ရန်သူအဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်လေတော့ တယ်။ "ဆရာကြောင်ဟာ ဟိုတုန်းကတော့ ငါ့ရဲ့ ဆရာပါပဲ။ ဒီကနေ့ကစပြီး ရန်သူဖြစ်သွားပြီ။ တွေ့တဲ့နေရာမှာ ဝါးစားပစ်မယ်။ ကြောင်ဆိုရင် ကြောင်အစစ်မပြောနဲ့ ကြောင်ချေးကိုတောင် ဘယ်တော့မှ ချမ်းသာမပေးဘူး ဝါးစားပစ်မယ် ဝါးစားပစ်မယ် ....."

ကျားက တစ်တောလုံးက တိရစ္ဆာန်တွေ ကြားအောင် တောထဲကို လှည့်လည်သွားလာပြီး အော်ဟစ်ပြောဆိုကြိမ်းဝါးသတဲ့။ ဒီလိုနဲ့ပဲ ကြောင် တွေဟာ မစင်စွန့်တဲ့အခါ မစင်ကို ကျားဆိုတဲ့သတ္တဝါ မတွေ့ရလေအောင် ပြာတို့၊ ဖုန်တို့၊ သစ်ရွက်တို့နဲ့ လုံခြုံအောင်ဖုံးအုပ်ထားလေ့ရှိတာ အခုအချိန်အထိ ပေါ့ကွယ်။ အဲဒီအချိန်ကစလို့ ကြောင်တွေက မစင် ကိုလုံအောင်သိမ်းတဲ့ရာဇဝင်လည်း ပေါ်ပေါက် လာရတော့တာကို မြန်မာတိုင်းရင်းသားပုံပြင်အဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါတယ်။

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော် မကွေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



မကွေး ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်သည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး တရားလွှတ်တော် ရုံးအဖွဲ့မှူး၊ မကွေးဗဟိုအကျဉ်းထောင်တာဝန်ခံ ဦးဇော်ထွန်း၊ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက မကွေးဗဟိုအကျဉ်းထောင်အား သွားရောက်စစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အကျဉ်းသူ၊ အကျဉ်းသားများအား ဥပဒေပါ အခွင့်အရေးများရရှိမှု ရှိ/မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားညှဉ်းပန်းနှိပ်စက်မှုများ ရှိ/မရှိ၊ သောက်သုံးရေသန့်ရှင်းစင်ကြယ်မှု ရှိ/မရှိ၊ အစားအသောက်အာဟာရ သင့်တင့်မျှတကောင်းမွန်စွာ ကျွေးမွေးမှု ရှိ/မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ/မရှိ၊ အဆောင်များ သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ/ မရှိ၊ အမျိုးသမီး အကျဉ်းသူ အချုပ်သားများအား အကာအရံ လုံခြုံစွာဖြင့် အမျိုးသမီးအဖော်များဖြင့် စောင့်ရှောက်မှု ရှိ/မရှိ၊ စစ်ဆေးဆဲအမှုများမှ ကြန့်ကြာသည့်အချုပ်တရားခံများ ရှိ/မရှိ၊ လူ့အခွင့်အရေးများ ချိုးဖောက်မှု ရှိ/မရှိနှင့် ကျန်းမာရေး စောင့်ရှောက်ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုကာ အကျဉ်းသား၊ အကျဉ်းသူများ၏ တင်ပြချက်များ၊ အယူခံဆိုင်ရာတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



## မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

စဉ့်ကိုင် ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့တို့ ပူးပေါင်း၍ ပုံပြင်ပြောပြိုင်ပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ်ပေးဒိုင်များက ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့် အမှတ်ပေးဇယားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့က မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုရရှိသောကျောင်းသား ကျောင်းသူများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဒီဇင်ဘာ ၂၈ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၅၂) တွင်စည်သူတို့ သူငယ်ချင်းများ သိချင်သော သက်တံအကြောင်းကို အဘွားက ပြောပြထားပုံအား သရုပ်ဖော်ထားသည့် "ရောင်စုံတံတားလေး" မျက်နှာဖုံးကာတွန်း၊ သရဏဂုံဆောက်တည်ခြင်း၏ အကျိုးတရားနှင့် အစွမ်းများအကြောင်း ဗဟုသုတရရှိစေရန် ရေးသားထားသည့် "သရဏဂုံအစွမ်း အံ့မခန်း" သုတဆောင်းပါးကဏ္ဍ၊ လိပ်ပြာမယ်လေးရွှေရုပ်မှာ သူ၏ လှပသည့် အတောင်ပံများအပေါ် မာနကြီးပြီး ဘဝမြင့်မိသည့်အတွက် ဖမ်းဆီးခံရပုံအကြောင်း သရုပ်ဖော်ထားသည့် "မာနကြီးတဲ့ လိပ်ပြာမယ်" နှစ်မျက်နှာ ကာတွန်း၊ ဟိန်းစည်သည် စာပေရော အားကစားပါ ထူးချွန်သူဖြစ်ပြီး သူ၏ ဉာဏ်ကောင်းပုံနှင့် တွေးခေါ် မြော်မြင်တတ်ပုံအကြောင်း ရေးသားထားသည့် "စာပေဖတ်က ဂုဏ်တင့်စွ" ဝတ္ထုကြကဏ္ဍ၊ သူတော်ကောင်းယောင်ဟန်ဆောင်နေသော ကြောင်ဖြူသည် နောက်ဆုံးတွင် တောခွေး၏ ကိုက်ဖြတ်စားသောက်ခြင်းကို ခံလိုက်ရသည့်အကြောင်း ရေးသားထားသည့် "သူတော်ကောင်းယောင်ဆောင်သူ" ပုံပြင်ကဏ္ဍ၊ တပည့်မေသီဟန်က ဆရာဖြစ်သူကို သတိတရဖြင့်လာရောက်ကန်တော့သည့်အကြောင်း သရုပ်ဖော်ထားသည့် "ပီတိအပြုံး" နှစ်မျက်နှာကာတွန်း၊ အဝမလွန်ဘဲ အာဟာရဖြစ်အောင် နေထိုင်စားသောက်မှု မှန်ကန်စေရေးအတွက် ဦးဦးဖိုးရှုပ်က ကလေးများကို ဆုံးမထားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ဖြိုးရဲ- အဝလွန်သူ" နှစ်မျက်နှာ ကာတွန်း၊ တိုက်ခန်းတံခါးသော့ အခန်းထဲတွင် မေ့ကျန်ခဲ့ပြီး သော့ခတ်မိသွားသည်ကို အပြန်အလှန်ပြောဆိုထားသည့်အကြောင်း ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် - ၄၀၀ ကျပ်ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ **သတင်းစဉ်**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



ရမည်းသင်း ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အလယ်တန်းနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး၊အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဆုများချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သာကေတမြို့နယ်၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဦးတည်ချက်များ၊ လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံအား ဟောပြောပြီး ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်၊ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကိုပြောကြားသည်။ ဆက်လက်ပြီး အမှတ်(၂၅)အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများက စိတ်ကြိုက်ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဝါကျမှားမှန်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာခဲ့ကြကြောင်း သိရသည်။ **သဲထက်ဇင်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၁၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၈၂၂။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀၀ |
| ၉၈၂၃။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင်၊ (သား)မောင်မြင့်မြတ်ဟိန်း၊ မောင်ဉာဏ်လင်းထက် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၈၂၄။ | ဦးတင်လှိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်လှိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၈၂၅။ | ကွယ်လွန်သူဒေါ်မြမြစိုးအားရည်စူး၍ ခင်ပွန်းဦးခင်မောင်ဝင်းကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၈၂၆။ | ဒုတိယအရာခံဗိုလ်ဦးတင်ရွှေနှင့်ဇနီး ဒေါ်ဝင်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၈၂၇။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ချိုမာ၊(သမီး)ဒေါက်တာပြည့်ပြည့်ဖြိုး၊ (သမီး)ဒေါက်တာပြည့်ပြည့်ကျော်၊ (သား)မောင်ရဲလင်းထက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၈၂၈။ | ဦးတင်ဇော်လင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ထက်စိုး၊ မောင်ကျော်လွင်စိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၂၉။ | ဒေါ်ခင်မော်(၅၅)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၃၀။ | ကွယ်လွန်သူ တပ်ကြပ်ကြီး/စာရေးညီညီလှိုင်အား ရည်စူး၍ ဒုတိယအရာခံဗိုလ်ချမ်းအေးငြိမ်းနှင့်ဇနီး ဒေါ်အုန်းခင်မိသားစုနှင့် မောင်နှမများကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၃၁။ | ဦးကိုကိုထွေးနှင့်ဇနီး ဒေါ်စန္ဒာဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၃၂။ | ဒေါ်ဖြူစင်သန့်၊ ဒေါ်ခင်စန္ဒာလင်းနှင့် ဒေါ်ကေဇင်သန့် မိသားစုကောင်းမှု | ၁၁၉၈၀၀ |
| ၉၈၃၃။ | မမေမြတ်နိုးကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၃၄။ | ဦးမင်းဇော်ဦးကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၃၅။ | မောင်စောဝင်းမိုးကျော်နှင့်ဇနီး မသီရိချမ်းမြေ့မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၃၆။ | မအေးငြိမ်းထက်သူကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၃၇။ | ဦးမောင်မြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၃၈။ | ဒေါ်သန်းသန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၈၃၉။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်ဖြိုးလဲ့ဇော်၊ (သား)မောင်သွင်ထူးဖွဲ့ခန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၀။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်အေမီမျိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၁။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၂။ | ဆရာဦးပန်းညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ငြိမ်းနုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၃။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒုတိယအရာခံဗိုလ်သက်နိုင်နှင့်ဇနီး ဒေါ်နီနီလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၄။ | ဦးကျော်ကျော်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၅။ | ဒေါ်ငွေ၊ ဒေါ်အေးနှင့် ဒေါ်မော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၆။ | ကွယ်လွန်သူဦးမောင်စိန်အားရည်စူး၍ ဇနီးဒေါ်တင်လှကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၇။ | ဒေါ်ခင်စန်းကြည် အသက်(၈၀)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၈။ | ဦးဘိုလေး၊ ဦးကျော်လင်းနှင့် ဦးစိုးမင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၄၉။ | ဦးရဲမင်းထွန်း၊ ဦးဝင်းဖေ၊ ဒေါ်ချိုချိုဝင်း၊ မထက်ထက်ကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၀။ | ဦးကျော်ငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၁။ | ကွယ်လွန်သူမောင်ခိုင်မြင့်ထွန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၂။ | ဦးငွေဝင်းနှင့်ဇနီး ဒေါ်နှင်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၃။ | ကွယ်လွန်သူဦးဘစိန်အားရည်စူး၍ ဒေါ်ကျင်ငွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၄။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်ညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၅။ | ဦးဖိုးဆင်နှင့်ဇနီး ဒေါ်စောအားရည်စူး၍ (သမီး)ဒေါ်သင်းစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၅၆။ | ဦးကျော်သာနှင့်ဇနီး ဒေါ်ကြင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၈၅၇။ | ဒုတိယဗိုလ်မှူးကြီးဆန်းဝင်းနှင့်ဇနီး ဒေါ်နန်းချိုချိုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၅၈။ | ဗိုလ်မှူးစိုးမင်းပြည့်နှင့်ဇနီး ဒေါ်စိမ်းမြတ်ယမင်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၅၉။ | ကွယ်လွန်သူရဲဗလရဲအုပ်ကျော်စွာသူအားရည်စူး၍ ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ငွေငွေမြင့်ကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၀။ | ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ဖြူနှင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၁။ | ကိုကောင်းဆက်ဟိန်းနှင့်ဇနီး မရွှန်းရွှန်းဝါမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၂။ | ဦးမင်းမောင်နှင့်ဇနီး ဒေါ်နွယ်နွယ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၃။ | ကွယ်လွန်သူဦးညွန့်ကျော်အားရည်စူး၍ ဒေါ်ခင်ရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၄။ | ကွယ်လွန်သူဦးသောင်းညွန့်အားရည်စူး၍ ဇနီးဒေါ်ငွေငွေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၅။ | နှစ်ဖက်သောမိဘများအမှူးထား၍ ဦးအောင်ဇေယျာဦးနှင့်ဇနီး ဒေါ်ငွေမြင့်ညွန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၆။ | ဦးစောတင်မောင်လွင်နှင့်ဇနီး ဒေါ်ယုယုမွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၇။ | ကွယ်လွန်သူဦးမြအေးအားရည်စူး၍ ကျန်ရစ်သူဒေါ်သန်းနု၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၈။ | ဦးကျော်ဝင်းထွန်းနှင့်ဇနီး ဒေါ်နန်းမိုဟွမ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၆၉။ | ဦးတင်မောင်ထွန်းနှင့်ဇနီး ဒေါ်နန္ဒာစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၇၀။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ယုယုနွယ်၊ သား၊ သမီး၊ သမက်၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၈၇၁။ | ဦးထိန်လင်းဟန်နှင့်ဇနီး ဒေါ်ဝင်းဝင်းသန်း၊ (သား)မောင်ဘုန်းဟန်ထက်၊(သမီး)မမော်ရည်ဝင်းထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၇၂။ | မောင်ကောင်းထက်ကျော်နှင့်ဇနီး မယမင်းအိမ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၇၃။ | ဦးမြတ်မင်းသူနှင့်ဇနီး ဒေါ်စောမြတ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၂၁၆**


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၁၅၇၉)ကို အမည်ပေါက် ဒေါ်မဥ္ဇူမြင့် (ဘ)ဦးသိန်းငွေမြင့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ရမသ(နိုင်)၀၉၇၂၃၅]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အိမိုးချမ်း (ဘ)ဦးကြည်လွင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဥကတ(နိုင်)၁၅၅၄၃၉]မှ မြေငှားစာချုပ်အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်း(မိတ္တူ)၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၂၁၈/၂၀၂၃)၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြခာတ်ပုံတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေငှားစာချုပ်အမည်ပြောင်း** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



### ပျောက်ဆုံးကြောင်း

မခင်စန်းမော် [၈/အလန(နိုင်)၁၇၄၁၉၆] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (MH-463962)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: 09-427491051



### ပတ်စ်ပို့ပျောက်

(ဘ) ဦးအေးမောင်၏ သား ကျွန်တော် ဦးတင်မောင် [၉/ပဘန(နိုင်)၁၁၁၅၁၃] နိုင်ငံကူးလက်မှတ်စာအုပ် (MG-812739) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-777463626



### ပတ်စ်ပို့ပျောက်

ကျွန်မ မတိုးတိုးနိုင် [၁၂/ကမတ (နိုင်) ၀၅၅၂၆၃] နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-450490905

# ဖိတ်ကြားလွှာ

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ဆွမ်းဆန်တော်လှူဒါန်းလျက်ရှိသော စာသင်တိုက်များမှ စာအောင်သံဃာတော်များအား (၁၆)ကြိမ်မြောက် စာအောင်သံဃာချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၁၃၈၆-ခုနှစ်၊ နတ်တော်လကွယ်၊ ၂၉-၁၂-၂၀၂၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ (၂:၀၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်(၇၇/၇၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်ဆန်လှူအသင်းတိုက်သစ်၊ ဘုရားခန်းမဆောင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော် ရွှေမိုက်ချွတ်လုပ်ငန်းဆောင်ရွက်လိုသူများထံမှ အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်မြတ် ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။ စတုတ္ထပိုင်းလုပ်ငန်းစဉ်ဖြစ်သည့် အလယ်ပစ္စယံ၊ အောက်ပစ္စယံ၊ နတ်မှုခ်(၄)ခု၊ နတ်လှေကား (၄)စင်းနှင့် ခြင်္သေ့(၄)စီးတို့ရှိ ရွှေမိုက်ဟောင်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ရွှေမိုက်လေလံဆွဲဝယ်သူများသည် လျှောက်လွှာတစ်စောင်လျှင် ကျပ် (၅၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူပြီး (၁၁-၁-၂၀၂၅) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ (၁၃-၁-၂၀၂၅) ရက် နံနက် (၁၀:၀၀) နာရီတွင် ရွှေစည်းခုံစေတီတော်ကြီး၏ အင်္ဂါထောင့်မဏ္ဍပ်တွင် လေလံပွဲကျင်းပမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းများသို့ စုံစမ်းနိုင်ပါသည်-

**ရွှေစည်းခုံစေတီတော်**
**ရွှေမိုက်လေလံ/တင်ဒါနှင့် ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ**
**ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၁၂

| | | |
|---|---|---|
| **Crane Care & Engineering Myanmar Co.,Ltd.** ကရိန်းကဲအင်န် အင်ဂျင်နီယားရင်း မြန်မာကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒေါ်ဝါဝါကြွယ်၊ အုပ်ချုပ်မှုဒါရိုက်တာ) | နှင့် | **Qingjian International (Myanmar) Group Development Co.,Ltd.** (ချင်းကျန့်အင်တာနေရှင်နယ် (မြန်မာ) ဂရု(ပ်)ဒီဗလော့(ပ်)မင့်(န်) ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒေါ်နန်းသင်းသီရိကိုကို) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၅၅၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာ၊ အမှတ်(၂၂)နေ အယူခံတရားပြိုင် **Qingjian International (Myanmar) Group Development Co.,Ltd.** (၎င်း၏ကိုယ်စားဒေါ်နန်းသင်းသီရိကိုကို) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက် [၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် (၄) ရက်]တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်(ဖူးကား)၊ မြေကွက်အမှတ်(၂/ခ)၊ ဧရိယာ(၂.၅၆၀)ဧကရှိ အမှတ်(၂) ပတ္တမြားလမ်းနှင့် ရွှေဥဒေါင်းလမ်းထောင့်၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် B လ/န ၃၉ ရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ 315 KVA Transformer (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ အမည်ပေါက် B လ/န ၃၉ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**Ph:09-426779993**
**E-5၊ Sagawar Street, FMI City, Hlaingtharyar.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာ(၂)လမ်း၊ အိမ်အမှတ်(၅၄)၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သီတာဝင်းက ထိုအိမ်ဟောင်းနေရာတွင် နှစ်ခန်းတွဲ၊ (၄)ထပ်တိုက်ဆောက်လုပ်မည်ဖြစ်၍ ဖြစ်ပေါ်လာမည့် နှစ်ခန်းတွဲ၊ (၄)ထပ်တိုက်သစ်တွင် မြေရှင် ဒေါ်ခင်သီတာဝင်း ရပိုင်ခွင့်ရှိသော (၄)ခန်းအနက် (၃)လွှာတိုက်ခန်းကို ဒေါ်ခင်သီတာဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ကြိုပွဲပိုင့်စနစ် ဝယ်ယူရန် နှစ်ဖက်သဘောတူညီကြ၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နုနုခိုင် LL.B, D.B.L, D.I.L** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၄/၂၀၁၇) | **ဒေါ်လဲ့လဲ့ရီ (B.A, LL.B, D.B.L, D.M.L)** တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၁၀/၁၉၈၃) |
| **ဒေါ်မေသက်ပိုင်စိုး (LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၀၂၄၈/၂၀၁၈) | **ဒေါ်အိစန္ဒီစိုး (LL.B, D.B.L, D.I.L)** တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၀/၂၀၁၃) |
| **အမှတ်(၇၂)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၉၃၂၂** | **ဒေါ်ဆုမွန်ဆွေ (LL.B, D.B.L)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၁၈/၂၀၁၇) |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၃၅၁)နေ ဦးနိုင်လင်းစိုး[၉/နထက(နိုင်)၁၄၃၅၅၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စိုက်မွေး(၁)လမ်း၊ မြေကွက်အမှတ်(၁၂၀၉)ဟုခေါ်တွင်သော မြေအမည်ပေါက်-ဦးမြဝင်း[၁၂/ပဇတ(နိုင်)၀၀၄၁၇၇]၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း-အလျား(၄၁)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်၊ ရေ/မီး အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဦးမြဝင်း[၁၂/ပဇတ(နိုင်) ၀၀၄၁၇၇]မှ မိမိသာလျှင်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း-09-260087755, 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ လူနေရပ်ကွက်အမှတ် (၆/၁၃)၊ ပုသိမ်(၂)လမ်း၊ မြေကွက်အမှတ်(၁၄၀/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှလှဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀x၆၀) ပေရှိ နှစ်(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်သိန်း (OPO-၀၆၂၃၁၇) ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်စုံထွန်း [၁၂/အလန(နိုင်)၀၄၁၂၅၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်စုံထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၆၅)၊ မြေကွက်တည်နေရာအမှတ်(၄၆၅)၊ ရာဇဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်စန်းကြည်[၁၂/ဥကတ(နိုင်)၀၄၈၀၃၄]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်စန်းကြည်(ဇနီး) ကွယ်လွန်သဖြင့် တရားဝင်ခင်ပွန်းဖြစ်သူ ဦးမောင်ကို [၁၂/ဥကတ(နိုင်)၀၄၉၄၅၇]မှ မိမိမှာ ကွယ်လွန်သူ၏ တရားဝင်ခင်ပွန်းတော်စပ်ကြောင်း၊ ဇနီးဖြစ်သူ ဒေါ်စန်းကြည် မကွယ်လွန်မီအချိန်အထိ အတူတကွပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မိမိနှင့်သာ တရားဝင်ပေါင်းသင်းနေထိုင်ခဲ့ပြီး အခြားခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်တော်သာ အမွေဆက်ခံခွင့်ရှိပြီး မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဇနီးဖြစ်သူသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဦးမောင်ကိုမှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၆၆)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၃)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ခန့်ရှိ ကိုယ်ပိုင်မီတာ(၁)လုံး၊ ကိုယ်ပိုင်မော်တာ(၁)လုံး၊ ရေမီးအစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးလှိုင်မြင့်သက်[၁၄/လမန(နိုင်)၀၈၆၃၁၆]ထံမှ ဦးစိုင်းအိုက်လှိုင်းပန်[၁၃/မဆတ(နိုင်)၀၅၂၃၃၆]က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(၁၄၃)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ခန့်ရှိ ကိုယ်ပိုင်မီတာ(၁)လုံး၊ ကိုယ်ပိုင်မော်တာ(၁)လုံး၊ ရေမီးအစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ကြည်ကြည်အေး [၁၁/ရဗန(နိုင်)၀၇၄၄၇၆]ထံမှ ဒေါ်ကေသီအောင်[၁၄/ပသန(နိုင်)၁၉၆၀၂၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan-ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆)လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉-၇၆၇၇၇၂၀၉၉၊ ၀၉-၇၈၀၉၈၇၇၇၉၉၊ ၀၉-၇၉၉၉၃၃၉၃၉**

# အားကစား မြှင့်တင် စိတ် လန်းရွှင် ဆန့်ကျင် မူးယစ် ဆေး

## အယူခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၀၆

| | | |
|---|---|---|
| ၁။ ဒေါ်သန်းသန်းရွှေ | နှင့် | ၁။ ဦးတင်ဦး |
| ၂။ ဦးခင်မောင်ရွှေ | | ၂။ ဦးဇေယျာမျိုး |
| ၃။ ဦးတင်မောင်ရွှေ | | |
| ၄။ ဦးလှရွှေ | | |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၁၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄-လမ်း(အောက်)၊ အမှတ်-၅၁ နေ အယူခံတရားပြိုင်အမှတ်(၂)ဦးဇေယျာမျိုး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၁၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက်
## စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသား(၂၈၁၅) တန်ခန့်**ကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့် နေ့ရက်နှင့်အချိန် - (၉-၁-၂၀၂၅ )ရက်နေ့ နံနက်(၈:၃၀) နာရီမှစတင်မည်

(ခ) ရောင်းချမည့် ဒေသများ - ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/မွန်ပြည်နယ်/ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီး

(ဂ) ရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.mte.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၇၈၅၇၀၀၄၃၉၊ ၀၉-၄၀၂၇၀၅၅၁၅ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၆၃/ခ)၊ အောင်တော်မူ(၂)လမ်း၊ (၈) ရပ်ကွက်၊ (၂၀ x ၆၀) ပေ ရှိသော နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးမျိုးညွန့်ထွန်း (D/RGN-၀၁၃၂၁၀)** အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်အတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူရရှိထားသူဖြစ်သော **ဒေါ်သန်းသန်းဆင့် [၁၂/မဂတ(နိုင်)၀၀၁၉၆၇]** ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်သီတာဗိုလ်ဗိုလ်[၁၂/မရက(နိုင်)၁၅၀၂၅၄]** ကအပြီးအပိုင်ဝယ်ယူရန်အတွက်**(၂၄-၁၂-၂၀၂၄)** ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ (တောင်ပိုင်း)၊ ရွှေစေတီ(၁)လမ်း၊ (၄၀ x ၇၀) ပေ (၂၈၀၀ စတုရန်းပေ) ရှိသော မူလရွာမြေအမျိုးအစား မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူရရှိထားသူဖြစ်သော **ဦးဝေလင်းစိုး [၁၂/မဂဒ(နိုင်)၁၃၄၃၉၂]** ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးအောင်ဇော်မျိုး [၈/ရစက(နိုင်)၁၇၆၆၀၈]**က အပြီးအပိုင်ဝယ်ယူရန်အတွက် **(၂၅-၁၂-၂၀၂၄)ရက်နေ့တွင်** စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## "ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၂၇၇)၊ ဧရိယာ (၄၀ ပေ x ၆၀ ပေ) ဦးကျော်ဇေယျ အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် အိမ်အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါမြေကွက်နှင့် အိမ်အား ဂရန်အမည်ပေါက် ဦးကျော်ဇေယျ [၁၂/အစန(နိုင်)၂၂၆၃၁၇]က တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလင်းနှင့် ဒေါ်ဆန်းသူဇာတို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဥ်နွယ်ဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၄၁၃)**
**အမှတ် (၁၁၇၇)၊ သုမင်္ဂလာလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၂၅၁၂၉၀၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မနောဟရ အလယ်လမ်း၊ အမှတ်(၅၉၂/က)ဟုခေါ်တွင်သော ပေ(၂၀x၆၀)ရှိ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်၏ မြေနှင့်အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်ဆက်စာချုပ်ဖြင့် ရောင်းချလာခဲ့ရာ နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သူ (၁) ဦးထွန်းရွှေ၊ (၂) ဦးကဖူးဆာမိ၊ (၃) ဒေါ်ခင်လှ၊ (၄) ဦးမွတ်တရား၊ (၅)ဦးခင်သိန်း၊ (၆) ဦးဘဲလူးဆာမိတို့မှ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးကန်းနား(ခ)ဦးမင်းထက်ကျော်[၁၂/ကတန(ပြု)၀၀၃၅၈၉]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ထိုအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကန်းနား(ခ)ဦးမင်းထက်ကျော်၏ လွှဲအပ်ချက်အရ**
**ဒေါ်အိဇေယျာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၆၆၃၅/၁၁-၉-၁၅)**
**အမှတ်(၄၁၅)၊ စိန်ပန်းလမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၇၀၆၂၂၁၅၊ ၀၉-၆၉၈၁၄၉၉၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရွှေဘုံသာလမ်း၊ မြေကွက်အမှတ်(၅/၄၆)၊ မြေအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ မြေချပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဟယ်ရင်လုံး အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်မခွဲစိတ်ရသေးသည့် (မြေကွက်အမှတ်-၆/၄၆ နှင့် ကပ်လျက်ဘက်အခြမ်း/ ပါမစ်မူရင်းခြမ်း) မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို "နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်" ဖြင့် ရောင်းချသူ ဒေါ်မြင့်မြင့်စိန် [၁၀/သထန(နိုင်)၀၀၉၆၃၅]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းပို[၁၂/ဥကတ(နိုင်)၀၉၇၆၃၉] မှလည်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းပို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၉၃၁၉)**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်နှင့်အမည်-၆၇၅/က၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဦးပိုင်အမှတ်နှင့်ခုနှစ်-၃၈(က)/၁၉၉၃-၉၄ ခုနှစ်၊ ဦးပိုင်နံပါတ်-၃၈၊ ဧရိယာ-၂.၂၂ ဧက၊ ဒေါ်ကျင်မြပါ(၂) အမည်ရှိ ဥယျာဉ်မြေအတွင်းမှ (က)အမှတ်ပြဧရိယာ-၀.၀၅၅ ဧကရှိ ဒေါ်ချိုလွင်ဟိန်း အမည်ပေါက်မြေကွက်နှင့် ဧရိယာ-၀.၀၅၅ ဧကရှိ ဦးဇေယျာစိုး အမည်ပေါက်မြေကွက်တို့အား တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ချိုမာဟိန်း [၁၂/ဗတထ(နိုင်)၀၃၂၅၂၅]မှ ရောင်းချရန်ကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးနွယ်ဝင်း[၁၂/ဗတထ(နိုင်)၀၄၁၈၇၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ကာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးနွယ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးပြည်သာကျော်မိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၈၃၅)**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၄၇၄၀၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၆၊ မြေကွက်အမှတ်-၂၈၈၊ မြေကွက်တည်နေရာအမှတ်-၂၈၈၊ ရတနာပုံလမ်း၊ ၁၀၆-ရပ်ကွက်၊ ဒဂုံတောင် ဦးဉာဏ်သိုင်း [၁၂/သဃက(နိုင်)၀၁၀၂၀၃]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဉာဏ်သိုင်း (ဖခင်)ဖြစ်သူသည် (၂၈-၁၂-၂၀၁၁)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်မြသည် (၂၀-၃-၁၉၈၈)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏သားသမီး(၄)ဦးဖြစ်သူ (၁) ဦးမြင့်စိုး[၁၂/ သဃက(နိုင်) ၀၁၀၂၀၇]၊ (၂) ဒေါ်မုဝါသိုင်း[၁၂/ဥကတ(နိုင်)၁၆၁၅၂၇]၊ (၃) ဒေါ်နီလာသိုင်း [၁၂/ဒဂတ (နိုင်)၀၅၁၄၄၀]၊ (၄) ဦးဉာဏ်လင်းထက်[၁၂/ဒဂတ(နိုင်)၀၅၉၃၁၀] တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း မိမိတို့မောင်နှမ(၄)ဦးမှလွဲ၍ အခြားသားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့မောင်နှမ(၄)ဦးကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၃၃၇/၂၀၂၄(၁၁-၁၁-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်/စွန့်လွှတ်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေစိုက်အိမ်အသေး(၂)လုံးရှိပြီး (၁)ဦး ကိုယ်တိုင်နေထိုင်ပြီး ဦးဉာဏ်လင်းထက်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးမြင့်စိုး+၃ တို့၏ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဇောဓိကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်- ၂ (တိုက်ကြီးမြောက်ကွက်)၊ ဦးပိုင်အမှတ် (၃၈က)၊ ဧရိယာ (၀.၁၀၂) ဧကရှိ နှစ် (၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၉/ခ)၊ ဆေးရုံလမ်း၊ ဇောဓိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဒေါ်မြမေ [၁၂/တကန(နိုင်)၀၇၆၉၁၀]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မေမျိုးသူ (LL.B)** | **ဒေါ်ဝါဝါစံ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၈၂၈)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၅၀)** |

**အမှတ် (၃၀)၊ ဇေယျဝတီလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၄၁၅၆၆၈၊ ၀၉-၄၂၀၀၁၅၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၆ဂျေ)၊ မြေကွက်အမှတ်(၁၁၄ အိုင်/၂ အေ+၁၁၄ဂျေ/၃အေ+၁၁၄ကေ/၁အေ)၊ ဧရိယာ(၀.၁၁၉)ဧကရှိ မြေပိုင်မြေကွက် တစ်နည်းအားဖြင့် အမှတ်(၉)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့ကို မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ် ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ထွန်း (ခ) ဦးခင်တင့်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေလင်းအောင်(ဘ)ဦးတင်အောင် [၁၄/ပသန(နိုင်)၀၁၂၅၆၆]နှင့် ဒေါ်မေသူဟန် (ဘ) ဦးကိုလေး [၇/ပမန(နိုင်)၀၀၁၂၁၅] ကိုင်ဆောင်သူတို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် (၂၅-၁၂-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေလင်းအောင်နှင့် ဒေါ်မေသူဟန် တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၆၂၆/၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-795482460, 09-420298613**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁၀၊ မြေကွက်အမှတ်-၂၂၁(ခ) ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၂၁(ခ)၊ စန္ဒာလမ်း၊ ဒိုင်စုရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဦးအောင်မြိုင် (ISN-၅၉၂၇၅၈)၊ ဒေါ်တင်တင်ဝင်း (MYGN-၀၂၀၁၇၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား တရားလို ဒေါ်စိုးစိုးနွယ်မှ တရားပြိုင် ဦးအောင်မြိုင်၊ ဒေါ်တင်တင်ဝင်းတို့အပေါ် အင်းစိန်ခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅ ဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ-၁၂ အရ မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ပေးစေလိုမှု စွဲဆိုခဲ့ခြင်းအပေါ် စရိတ်နှင့်တကွ ဒီကရီချမှတ်သည့် (၂၇-၆-၂၀၂၄) ရက်စွဲပါ စီရင်ချက်ဒီကရီ၊ အင်းစိန်ခရိုင်တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၇ ၏ (၂၉-၈-၂၀၂၄) ရက်စွဲပါဘီလစ်ခန့်အပ်သည့်အမိန့်၊ အင်းစိန်ခရိုင်တရားရုံး၏ (၂၉-၈-၂၀၂၄) ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တရားရုံးများကိုယ်စား ဘီလစ် ဒေါ်ဆုဆုထူးအောင် [၁၂/ဥကမ(နိုင်)၂၄၇၉၈]မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၈)၊ ချယ်ရီလမ်း၊ မြေကွက်အမှတ်- ၇၃၈/က၊ ဒေါ်စိန်ငွေး အမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း (၂၀ x ၆၀ )ပေ မြေကွက်နှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များအရ ဒေါ်နန်းညိုညိုစံ [၁၂/ကမရ(နိုင်)၀၄၀၁၆၂]မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄ )ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်ထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းငွေအောင် [၈/ပခက(နိုင်) ၁၈၀၃၉၇]၊**
**ဒေါ်ကြည်တိုး [၈/ပခက(နိုင်)၂၁၂၄၆၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၈၈၁)**
**ဖုန်း-၀၉-၄၂၁၁၃၇၄၆၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၅

| | | |
|---|---|---|
| ဦးသန်းအောင် | နှင့် | ၁။ ဦးအေးမောင်<br>၂။ ဦးအေးကြူ<br>၃။ ဦးထွန်းထွန်းဦး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ ခြံအမှတ်(၄)နေ (၂)တရားပြိုင် ဦးအေးကြူနှင့် (၃)တရားပြိုင် ဦးထွန်းထွန်းဦး (ယခု**နေရာလိပ်စာ**မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၉ အရ တရားလိုနေထိုင်ပိုင်ဆိုင်သည့်နေအိမ်အား အတင်းအဓမ္မကျူးကျော် သိမ်းပိုက်ဖျက်ဆီးခဲ့သဖြင့် လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အတွက် မြေကွက်အား ပြန်လည်လက်ရောက်ရလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်(၁) စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ (၂၃)လမ်း၊ အဆောက်အဦအမှတ် (၅၆၄/ခ)ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၁၈ပေx ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့ကို ဒေါ်နွဲ့နွဲ့ရီ [၁၂/သကတ(နိုင်) ၀၅၀၀၃၇]သည် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၂၁-၁၂-၂၀၂၄)ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကိုယ်တိုင် တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနခင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၂၉)**
**တိုက်- ၂၊ အခန်း (၃၀၂)၊ မြင်တော်သာလမ်း၊ မြင်တော်သာအိမ်ရာ၊**
**၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၉၇၇၇၁၇၊ ၀၉-၄၂၁၀၉၆၁၀၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မင်းရဲကျော်စွာ(၂)လမ်း၊ မြေကွက်အမှတ်(၇၇၀/က)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေချပါမစ် မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းထွန်းဦး (TGKN- ၀၂၀၀၆၆) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်နုနုလွင် [၉/မကန(နိုင်) ၀၉၉၅၈၇]သည် "နှစ်ဦးသဘောတူ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်ဦး [၅/ယမပ(နိုင်) ၀၈၀၄၉၁]နှင့် ဒေါ်ဇင်မာခိုင် [၁၂/ကမတ(နိုင်) ၁၇၆၁၃၆]ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်ဦး နှင့် ဒေါ်ဇင်မာခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၁၉)**
**ဖုန်း- ၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆အယ်လ်၊ မြေကွက်အမှတ်- ၁၂၀ဘီ/အော- အော-အော၊ ဧရိယာ (၀.၁၁၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅/A၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးထွန်းဦး(-)နှင့် ဒေါ်အေးခင်(-) အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက် (၂)ဦးအနက် ဒေါ်အေးခင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၃၄၇/၁၉၈၉ (၂၉-၅-၁၉၈၉)နှင့် အမှားပြင်စာချုပ်အမှတ်- ၂၄၂၁/၁၉၉၅ (၁၈-၁၀-၁၉၉၅) (လက်ခံအမှန်)တို့အရ ဦးထွန်းဦးမှပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၆၅၁၂/၁၉၉၇ (၂၃-၁၂-၁၉၉၇)နှင့် အမှားပြင်စာချုပ်အမှတ်- ၁၃၉၇/၂၀၀၇ (၉-၄-၂၀၀၇) တို့အရ ဒေါ်တင်တင်နု နှင့် ဒေါ်ဥမ္မာခင်ထွန်းတို့မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့အနက် ဒေါ်တင်တင်နု ကွယ်လွန်သဖြင့် ၎င်း၏အစုအား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၁၃၉၈/၂၀၀၇ (၆-၄-၂၀၀၇)နှင့် အမှားပြင်စာချုပ်အမှတ်- ၁၃၅၉/၂၀၀၈ (၁၀-၆-၂၀၀၈)တို့အရ မြေကွက်အမှတ်- ၁၂၀ဘီ/အော- အော-အော၊ ဧရိယာ (၀.၁၁၅)ဧကအား သားဖြစ်သူ ဦးမင်းစိန်နှင့် ဒေါ်ဥမ္မာခင်ထွန်းတို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့အနက် ဦးမင်းစိန်ထံမှ စွန့်လွှတ်စာချုပ်အမှတ်- ၁၃၆၁/၂၀၀၈ (၁၁-၆-၂၀၀၈)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ဥမ္မာခင်ထွန်း [၁၂/ဗဟန(နိုင်) ၀၉၀၅၃၄]မှ အမည်ပေါက် SALE DEED- ၂၈၁/၁၉၃၉ (၂၂-၃-၁၉၃၉)၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၃၄၇/၁၉၈၉ (၂၉-၅-၁၉၈၉)၊ ၆၅၁၂/၁၉၉၇ (၂၃-၁၂-၁၉၉၇)၊ ၁၃၉၈/၂၀၀၇ (၆-၄-၂၀၀၇)၊ အမှားပြင်စာချုပ်အမှတ်- ၂၄၂၁/၁၉၉၅ (၁၈-၁၀-၁၉၉၅) (လက်ခံအမှန်)၊ ၁၃၉၇/၂၀၀၇ (၉-၄-၂၀၀၇)၊ ၁၃၅၉/၂၀၀၈ (၁၀-၆-၂၀၀၈)၊ စွန့်လွှတ်စာချုပ်အမှတ်- ၁၃၆၁/၂၀၀၈ (၁၁-၆-၂၀၀၈)များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ဌာနရှိမြေစာရင်း၌ (၁၃-၈-၂၀၁၃) ရက်နေ့တွင် ဒေါ်အုန်းကြိုင်၏ကိုယ်စား ဒေါ်မြမြသန်းမှ မြေပုံကူးခြင်း၊ ရောင်းဝယ်၊ အမည်ပြောင်း၊ မြေတိုင်းတာခြင်းများအပြင် အခြားမည်သည့်ကိစ္စ တစ်စုံတစ်ရာမျှ ပြုလုပ်ခွင့်မပြုပါရန် ကန့်ကွက်လွှာတင်သွင်းထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ (၃၁-၁၀-၂၀၂၄)ရက်စွဲပါစာဖြင့် မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မူရင်း၊ စွန့်လွှတ်စာချုပ်မူရင်းများနှင့်တကွ ယခုမြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထားရှိသူဖြစ်ကြောင်း တင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်အတွင်းရှိ ဝိုင်းမြေ၊ အရှေ့လားသော်- ဒေါ်ဇင်မာ အိမ်ဝိုင်းမြေ၊ အနောက်လားသော်- ဦးဌေးလွင်ညွှန့် အိမ်ဝိုင်းမြေ၊ တောင်လားသော်- လမ်းမြေ၊ မြောက်လားသော်- ဦးမြင့်စိန် အိမ်ဝိုင်းမြေ နယ်နိမိတ် လေးရပ်အတွင်းရှိ ဝိုင်းမြေ၊ အကျယ်အဝန်းမှာ (၂၅x၆၀)ပေ အကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မလှိုင်းငွေခင် [၇/ထတပ(နိုင်) ၁၀၅၃၅၁]မှ ဝယ်ယူပိုင်ဆိုင်ခဲ့သော ဝိုင်းမြေဖြစ်ပါသည်။ အထက်ပါ မြေပေါ်တွင် မလှိုင်းငွေခင်မှ (နှစ်ထပ်) နံကပ်တိုက်အဆောက်အဦဆောက်လုပ်ကာ လက်ရှိနေထိုင် ပိုင်ဆိုင်သော ဝိုင်းမြေဖြစ်ပါသည်။ ဖော်ပြပါ ဝိုင်းမြေ၊ နေအိမ်နှင့်ပတ်သက်၍ မလှိုင်းငွေခင်သာလျှင် တရားဝင်ပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချရန်အခွင့်ပေးထားခြင်း/လွှဲပြောင်းထားခြင်း/ပေးကမ်းထားခြင်းမရှိပါ။ အထက်ပါ ဝိုင်းမြေ၊ နေအိမ်နှင့်ပတ်သက်၍ မလှိုင်းငွေခင် ကိုယ်တိုင်ရောင်းချခြင်းမဟုတ်ဘဲ အခြားတစ်ဦးတစ်ယောက်မှ ရောင်းချရန်ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မလှိုင်းငွေခင်၏ လွှဲအပ်ချက်အရ -**
**ဒေါ်သန်းမြတ်သူဇာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၈၅ )**
**ဓမ္မာရုံအနီး၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။**
**ဖုန်း- ၀၉-၄၀၂၅၂၉၂၃၊ ၀၉-၇၉၆၄၇၈၄၅၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းကျေးရွာအုပ်စု၊ ဆင်ခြံကျေးရွာ၊ အိမ်အမှတ်(၄)၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ခင်စန်း [၁၂/ကမန(နိုင်) ၀၆၇၃၁၄]၏ သားဖြစ်သူ မောင်ဝေယံမင်းထက် [၁၂/ကမန(နိုင်) ၁၅၅၁၃၉] ကိုင်ဆောင်သူအား မတ်လ (၁၉)ရက်၊ ၂၀၂၄ ခုနှစ်တွင် ကြေးမုံသတင်းစာ၌ ကြေညာထားသော အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**မိခင်**
**ဒေါ်ခင်ခင်စန်း**
**[၁၂/ကမန(နိုင်)၀၆၇၃၁၄]**

## ဦးစိုးမင်း(ဘ)ဦးထွန်းသွယ် [၉/ပဘန(နိုင်)၀၃၆၅၇၄]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ခရိုင်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ညောင်ပင်ကျေးရွာအတွင်းရှိ အလျား ၈၀ပေx အနံ ၇၀ ပေခန့်ရှိသော ခြံကွက်အမှတ် (၇၁) နှင့် (၇၂)တို့အား စာချုပ်အဆက်ဆက်ဖြင့် ဦးအောင်ကြည်မှ ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ခြံခတ်အိမ်ဆောက်ပြီး ယနေ့အထိ နေထိုင်လျက်ရှိပါသည်။

အထက်ပါ ခြံကွက်များအား ဦးစိုးမင်း (ဘ) ဦးထွန်းသွယ် ဆိုသူမှ ဈေးကောင်းရရန် ရောင်းချပေးမည်ဟုဆိုကာ ဦးအောင်ကြည်အား ယုံကြည်အောင်ပြောဆိုပြီး (၁၁-၁၀-၂၀၁၇)တွင် ခြံကွက်အမှတ် (၇၁)အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရယူသွားခဲ့ပြီး ခြံကွက်အမှတ် (၇၂)ကိုလည်း (၂၀-၃-၂၀၁၉) ရက်နေ့တွင်လည်း ထပ်မံ၍ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ချုပ်ဆိုရယူသွားခဲ့ပါသည်။ ဦးအောင်ကြည်မှ ဦးစိုးမင်းအား ခြံကွက်အမှတ်(၇၁)နှင့် ခြံကွက်အမှတ်(၇၂)တို့အား အသီးသီးအရောင်းအဝယ်အရပ်စာချုပ် ချုပ်ဆိုပေးခဲ့သော်လည်းယနေ့ထိ ခြံကွက်ဖိုးအစားနား တစ်စုံတစ်ရာပေးအပ်ခဲ့ခြင်းမရှိသည့်အပြင် ယုံကြည်စွာ အရပ်စာချုပ်ဖြင့် ချုပ်ဆိုပေးခဲ့သော အထက်ပါခြံအမှတ် (၇၁)နှင့် (၇၂)ခြံကွက်ဖိုးအစားနား တစ်စုံတစ်ရာ ပေးအပ်ခြင်းမရှိဘဲ အရောင်းအဝယ်စာချုပ်အားလည်း ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် စာချုပ်ပျက်ပျယ်ကြောင်း ဦးစိုးမင်းနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ဦးစိုးမင်းမှ ပျက်ပျယ်ပြီးသော အထက်ဖော်ပြပါ ခြံကွက် (၇၁)နှင့် (၇၂) ခြံကွက်အပေါ်တွင် အရောင်းအဝယ်စာချုပ်အား ဦးအောင်ကြည်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အရောင်းအဝယ်စာချုပ်အား ဥပဒေမဲ့ပြုလုပ်လာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးမင်းနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဉ္ဇာအေးမွန်**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၅)**
**(မ-၅၉၁)၊ ယုဇန (၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph: 09-43094804**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-G)၊ မြေကွက်အမှတ် (၇၆-I)၊ အကျယ်အဝန်း (၀.၅၁)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၂၁/B)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့်တိုက်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကြည်ညွှန့် အမည်ပေါက်သော်လည်း အဆိုပါ မြေနှင့်တိုက်တို့မှာ ဇနီးဖြစ်သူ ဒေါက်တာဒေါ်တင်တင်လွင် (ဘ) ဦးယုံလွင်၏သမီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ကမရ(နိုင်)၀၄၄၉၀၁]နှင့်အတူ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားနှစ်ဦး ပူးတွဲပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ပါသည်။

ဦးကြည်ညွှန့်သည် ဇနီး ဒေါက်တာဒေါ်တင်တင်လွင်အား "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ပေးစေလိုမှု"ကို ကမာရွတ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၂၀၅/၂၀၂၂ ဖြင့် စွဲဆိုခဲ့သောအမှုကို (၂၈-၁၀-၂၀၂၄) နေ့တွင် စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ သို့ဖြစ်၍ ဒေါက်တာ ဒေါ်တင်တင်လွင်သည် တရားဝင် ဇနီးမယားဖြစ်နေ၍ အထက်ဖော်ပြပါ မြေနှင့်တိုက်တို့ကို ဇနီးဖြစ်သူ ဒေါက်တာဒေါ်တင်တင်လွင်၏ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

**ဒေါက်တာတင်တင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်အေး (ဗန်းမော်)**
**B.A (Law); LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၄၀)**
**အမှတ်(၉၇)၊ ပထမထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၀၅၅၂**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
## (၁၈) ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းများ၏ ဘွဲ့နှင်းသဘင်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(၂၀၂၃-၂၀၂၄ ပညာသင်နှစ်)၂၀၂၄ ခုနှစ် မတ်လ နှင့် စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲဖြေဆိုအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၂(က) | **ဘွဲ့နှင်းသဘင်(အစမ်းလေ့ကျင့်ရက်)** | - | **၄ -၂-၂၀၂၅ (အင်္ဂါနေ့) (နံနက်၉:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘီတီ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ** |
| ၂(ခ) | **ဘွဲ့နှင်းသဘင်(အစမ်းလေ့ကျင့်ရက်)** | - | **၄-၂-၂၀၂၅ (အင်္ဂါနေ့) (မွန်းလွဲ ၂:၀၀)နာရီ** |
| | **အထူးပြု** | - | **အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ** |
| ၂(ဂ) | **ဘွဲ့နှင်းသဘင်နေ့ (နံနက်ပိုင်း)** | - | **၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) (နံနက်၉:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘီတီ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ** |
| ၂(ဃ) | **ဘွဲ့နှင်းသဘင်နေ့ (မွန်းလွဲပိုင်း)** | - | **၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ( မွန်းလွဲ ၂:၀၀ )နာရီ** |
| | **အထူးပြု** | - | **အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ** |

၃။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၀၂၄ ပညာသင်နှစ်) ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ကျင်းပခဲ့သော (အဝေးသင် သင်တန်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲဖြေဆို အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃(က) | **ဘွဲ့နှင်းသဘင်(အစမ်းလေ့ကျင့်ရက်)** | - | **၆ -၂-၂၀၂၅ (ကြာသပတေးနေ့) (နံနက်၉:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ (၄မ၁ မှ ၂၅၆ ထိ)၊ အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ** |
| | | - | **မြန်မာစာ (၄မ၂၅၈ မှ ၆၁၀ထိ)၊ သမိုင်း(၄သ၁ မှ ၂၁၆ထိ) စိတ်ပညာ၊ ဓာတုဗေဒ** |
| ၃(ခ) | **ဘွဲ့နှင်းသဘင်(အစမ်းလေ့ကျင့်ရက်)** | - | **၆-၂-၂၀၂၅ (ကြာသပတေးနေ့)(မွန်းလွဲပိုင်း၂:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ (၄မ၆၁၁ မှ ၇၇၄ထိ)၊ သမိုင်း (၄သ၂၁၇ မှ ၅၈၂ထိ)၊ ဥပဒေပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ** |
| | | - | **မြန်မာစာ (၄မ၇၇၆ မှ ၉၀၈ ထိ)၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ သင်္ချာ** |
| ၃(ဂ) | **ဘွဲ့နှင်းသဘင်နေ့(ပထမနေ့)** | - | **၇-၂-၂၀၂၅ (သောကြာနေ့) (နံနက် ၉:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ (၄မ၁ မှ ၂၅၆ ထိ) အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ** |
| ၃(ဃ) | **ဘွဲ့နှင်းသဘင်နေ့(ပထမနေ့)** | - | **၇-၂-၂၀၂၅ (သောကြာနေ့) (မွန်းလွဲပိုင်း ၂:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ (၄မ၂၅၈ မှ ၆၁၀ထိ )၊ သမိုင်း (၄သ၁ မှ ၂၁၆ထိ) စိတ်ပညာ၊ ဓာတုဗေဒ** |
| ၃(င) | **ဘွဲ့နှင်းသဘင်နေ့ (ဒုတိယနေ့)** | - | **၈-၂-၂၀၂၅ (စနေနေ့) (နံနက်၉:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ(၄မ၆၁၁ မှ ၇၇၄ ထိ)၊ သမိုင်း (၄သ၂၁၇ မှ ၅၈၂ ထိ)၊ ဥပဒေပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ** |
| ၃(စ) | **ဘွဲ့နှင်းသဘင်နေ့ (ဒုတိယနေ့)** | - | **၈-၂-၂၀၂၅ (စနေနေ့) (မွန်းလွဲ၂:၀၀)နာရီ** |
| | **အထူးပြု** | - | **မြန်မာစာ( ၄မ ၇၇၆ မှ ၉၀၈ ထိ)၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ သင်္ချာ** |
| | **ကျင်းပမည့်နေရာ -** | | **ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်** |

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - | **၁၅၀၀ိ/- ( ကျပ်တစ်ထောင့်ငါးရာတိတိ)** |
| **အဝေးရောက်ဘွဲ့ကြေး** | - | **၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)** |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | **(၂-၁-၂၀၂၅) မှ (၂၀-၁-၂၀၂၅)ထိ** |

၄။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၃)လအတွင်း ရိုက်ကူးထားသည့် ဓာတ်ပုံ (၂''x ၁ ၁/၂'')အရွယ် (၃)ပုံနှင့်အတူ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း+မိတ္တူ)နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား(မူရင်း+မိတ္တူ)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း+မိတ္တူ)များကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ဘွဲ့နှင်းသဘင်ကြေးကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (ငွေလက်ခံဌာန)တွင် ပေးသွင်းရမည်။

၆။ ရပ်ဝေးမှ တင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။

၇။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

၈။ နေ့သင်တန်းနှင့် အဝေးသင် သင်တန်း၏ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်လက်မှတ်နှင့် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို **၃၀-၁-၂၀၂၅ (ကြာသပတေးနေ့) (နေ့သင်တန်း)၊ (၃၁ -၁-၂၀၂၅) (သောကြာနေ့) (အဝေးသင် သင်တန်း)** မှစတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနနှင့် အဝေးသင်ဌာနတွင် ထုတ်ပေးပါမည်။

၉။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များကို သင်တန်းရေးရာဌာန၊ ဌာနမှူး (ဖုန်း ၀၉-၂၅၈၈၃၂၀၉၂) (သို့) မော်ကွန်းထိန်း (ဖုန်း ၀၉- ၉၆၁၄၆၃၁၈၉)၊ ဌာနခွဲမှူး (အဝေးသင်) (ဖုန်း ၀၉-၄၃၂၀၈၅၁၉)သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အမာရင်**
**ဌာနမှူးသင်တန်းရေးရာဌာန**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ တနိုင်းမြို့နေ မောင်ဂွန်ဆိုင်းမော် [၁/တနန (နိုင်) ၀၂၅၀၀၅]၏ ဖခင်အမည်မှာ ဦးနောင်လတ် [၁/တနန(နိုင်)၀၀၀၁၆၉]နှင့် ဆွမ်လွတ်နော်လတ် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ဒေါ်နုယဉ်၊ဒေါ်နီလာဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(ဒ/၉၅) ဟုခေါ်တွင်သော ကွင်းအမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(ဏ/၂၅/၄၁၀) ဧရိယာ (၀.၁၇၀)ဧကရှိ ဂရန်မြေကွက်မှာ (၁၉၉၄-၁၉၉၅) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်- RPNO V/၁၅ အရ (၁၀-၆-၁၉၉၄)ခုနှစ်တွင် ဦးစိန်တင်၊ ဒေါ်နုယဉ်၊ မနီလာ အမည်ဖြင့် ထုတ်ပေးထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ ပူးတွဲပိုင်ရှင်ဖြစ်သူ ဦးစိန်တင်မှာ လွန်ခဲ့သော (၂၆-၂-၂၀၀၇)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ကျွန်ုပ်၏အမှုသည်များက ဦးစိန်တင်အကျိုးခံစားခွင့်ရှိသော အထက်ပါဂရန်မြေကွက်နှင့်ပတ်သက်၍ ၎င်းတို့ (၂)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါပြီး (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၃)**
**အမှတ် (၉)၊ မဥ္ဇူလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၇၉၂၈၄၈၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၂-ရပ်ကွက်၊ ကာယသုခလမ်း၊ တိုက်အမှတ်-၁၁၇ (ပထမထပ်)၊ ရေမီးအစုံပါရှိသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးအေဂျာဟွာ [၁၂/ကတတ(နိုင်)၀၀၈၆၅၅] က ယခုလက်ရှိတွင် မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီစိုး [၁၂/ရကန(နိုင်)၀၀၀၇၉၂] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၃)**
**တိုက် - ၂၀၉၊ အခန်း -၂၃၊ ရန်နိုင်လမ်းသွယ်(၇)၊ ၄-ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၀၂၇၉၊ ၀၉-၇၉၅၃၂၀၉၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ စက်သုံးလုံး(၈)လမ်း၊ အမှတ်(၂၅၉)၊ အလျား(၆၀)ပေx အနံ(၄၀)ပေရှိ မြေကွက်ကို မူလသတ်မှတ်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ရွှေ [၁၂/လကန(နိုင်)၀၁၄၈၈၆]ကိုင်ဆောင်သူမှ (၂၀၀၅) ခုနှစ်တွင် ဦးစိန်မြင့်[၇/အတန(နိုင်)၀၄၅၂၉၁] ကိုင်ဆောင်သူထံသို့ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ရောင်းချပြီး (၂၀၂၄)ခုနှစ်တွင် ဦးစိန်မြင့်မှ ဒေါ်ခင်သန်းနု[၁၂/မဂဒ(နိုင်)၁၀၄၂၈၁]ကိုင်ဆောင်သူအား ထပ်မံ နှစ်ဦးသဘောတူခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ရောင်းချထားသော ကျွန်ုပ်လက်ဝယ်ပိုင်ဆိုင်ထားသည့် ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မှ ပေါင်နှံခြင်း၊ ထပ်ဆင့်ရောင်းချခြင်း၊ အမွေစားအမွေခံအဖြစ် ပေးထားခြင်းမရှိ၊ (GP/SP)မည်သူတစ်ဦးတစ်ယောက်ကိုမှ လွှဲအပ်ထားခြင်းမရှိကြောင်းနှင့် ၎င်းခြံမြေနှင့်ပတ်သက်၍ အရှုပ်အရှင်းကိစ္စများရှိပါကလည်းကောင်း၊ အကွက်ထပ်၍ ရှိနေပါကလည်းကောင်း ဤသတင်းစာကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း မူရင်းနှင့်တကွ အောက်ပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းနု**
**ဖုန်း-၀၉-၂၆၈၅၉၈၄၈၀**

## ဒေါ်အေးအေးသန့် [၁၂/လသန(နိုင်)၀၀၅၈၆၂] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးနေမင်းထွန်း [၇/ညလပ(နိုင်)၀၉၁၃၀၇]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးနေမင်းထွန်းနှင့် ဒေါ်အေးအေးသန့်တို့သည် (၁-၁၂-၂၀၁၆) ရက်နေ့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး (၂၄-၁၁-၂၀၂၄) ရက်နေ့တွင် ဒေါ်အေးအေးသန့်မှ ဦးနေမင်းထွန်းထံသို့ ကွာရှင်းပေးရန် ရှေ့နေများမှတစ်ဆင့် အကြောင်းကြားစာပေးပို့ပြီး ဦးနေမင်းထွန်းဘက်မှလည်း (၁၃-၁၂-၂၀၂၄) ရက်နေ့က ကွာရှင်းပြတ်စဲပြီး လက်ထက်ပွားပစ္စည်းများခွဲဝေရယူလိုကြောင်း အကြောင်းပြန်ကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။

ဦးနေမင်းထွန်းနှင့် ဒေါ်အေးအေးသန့်တို့ လက်ထပ်ပေါင်းသင်းခဲ့စဉ်က လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ကြသည့် -

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိ(၆)လမ်း၊ အမှတ်(၄၁၃)ဟုခေါ်တွင်သည့် မြေပေါ်တွင် ဆောက်လုပ်ဆဲဖြစ်သော (၁)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ (၂)လွှာရှိ တိုက်ခန်း(၁)ခန်း၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြို့သစ် (၆)လမ်း၊ အမှတ် (၂၆၁)၊ မြေညီထပ် (A-1) (ခေါင်းရင်းခန်း) တိုက်ခန်း(၁)ခန်း။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်(၈)လမ်း၊ အမှတ်(၈၅/ဘီ)၊ **Royal Thiri Condo**၊ (၂)လွှာ၊ အခန်းအမှတ်(၂၀၈)၊ **(Tower-C)** ရှိ တိုက်ခန်း(၁)ခန်း။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ၊ ကွင်းအမှတ်(၂၉၇)၊ ဦးပိုင်လုပ်ကွက်အမှတ် (၁၇/ခ)၊ မြေကွက်အမှတ်(၃၇၊ ၃၈၊ ၃၉) မြေကွက်(၃)ကွက်။

(၅) ယာဉ်အမှတ် **7R-4359 (NPW)**၊ **JINBE**၊ အမျိုးအစား **MINI BUS (4x2)(L)** အဖြူရောင်ယာဉ်(၁)စီး။

(၆) စီးပွားရေးလုပ်ငန်းတွင် လုပ်ကိုင်အသုံးပြုလျက်ရှိသော ဆိုင်ကယ်ကျွတ်၊ တာယာ၊ အင်ဂျင်ဝိုင်များ၊ လုပ်ငန်းရင်းနှီးငွေများ စသည်တို့ဖြစ်ပါသည်။

အထက်ပါ လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်သည့် အမှတ်စဉ်(၁) (၂) (၃) (၄) မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ယာဉ်အမှတ်-**7R-4359** တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးနေမင်းထွန်း၏လက်ဝယ်တွင်ရှိပါသည်။

စဉ်အမှတ်(၃)ပါ **Royal Thiri Condo** တိုက်ခန်းသည် ဒေါ်အေးအေးသန့်မှ ရောင်းချ၍ စရန်ငွေရယူထားပြီးဖြစ်သည့်အတွက် တိုက်ခန်းဝယ်ယူသူထံသို့ အပြီးသတ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုချိန်တွင် ကျွန်ုပ်၏မိတ်ဆွေထံရှိသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအား ပေးအပ်မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေမှ လက်မှတ်ရေးထိုးရန် အသင့်ရှိပါသည်။

လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်သည့် အမှတ်စဉ်(၁)မှ (၄)အထိ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးနေမင်းထွန်း၏ သဘောဆန္ဒမပါဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းမျိုး မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဦးနေမင်းထွန်းမှ တာဝန်ယူမည်မဟုတ်ကြောင်း ဒေါ်အေးအေးသန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးနေမင်းထွန်း** | **ဒေါ်ခင်မိုးမိုးအောင် (LL.B)** |
| **[၇/ညလပ(နိုင်)၀၉၁၃၀၇]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၅)** |
| | **အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၁၀၉၇၄၀၃** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ မြေကွက်အမှတ်(၇၃၈)ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်အုန်းရီ [၁၂/တမန(နိုင်)၀၈၇၄၂၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၇၃၉)နှင့် ကပ်လျက်ဘက်ခြမ်း (အလျား ၂၀ပေ x အနံ ၆၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှမြင့် [၁၂/သဃက(နိုင်)၀၂၃၁၉၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **WIPO(Switzerland)** |
| **Ph:09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932,** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **09-983837110** |

## "အများသိစေရန်အသိပေးကြေညာခြင်း"

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ သစ်ရာကောက်အုပ်စု၊ ဝက်လူးစမ်းကျေးရွာတွင်နေထိုင်သော ဒေါ်ကျော့သီတာလှိုင် [၈/မကန(နိုင်)၂၂၉၆၇၈] (ခေတ္တ-စင်ကာပူ)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့သီတာလှိုင် [၈/မကန(နိုင်)၂၂၉၆၇၈] နှင့် ဦးရန်နောင်ထွန်း [၈/မကန(နိုင်)၁၈၀၆၈၇]တို့သည် (၁၅-၂-၂၀၂၄) ရက်နေ့တွင် နှစ်ဦးနှစ်ဖက်အသိသက်သေများနှင့် တရားသူကြီးရှေ့မှောက်၌ အကြင်လင်မယားအဖြစ် တရားဝင် လက်ထပ်ထိမ်းမြားမင်္ဂလာပြုလုပ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ယနေ့ထိတိုင် ကျွန်ုပ်၏မိတ်ဆွေသည် တရားဝင်ဇနီးမယားအဖြစ် ရှိနေဆဲပင်ဖြစ်ပါသည်။ ထို့ကြောင့် ဦးရန်နောင်ထွန်း၏ တရားဝင်ဇနီးမယားမှာ ဒေါ်ကျော့သီတာလှိုင်သာလျှင်ဖြစ်ပါကြောင်းနှင့် ဒေါ်ကျော့သီတာလှိုင်မသိရှိဘဲ ဦးရန်နောင်ထွန်းမှ ဆောင်ရွက်ထားသော လူမှုရေးကိစ္စရပ်များ၊ ငွေကြေးကိစ္စအဝဝတို့အား တာဝန်ယူပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကျော့သီတာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုလှဲ့ပြုံး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၇၅/၃၁-၇-၂၀၁၈)**
**တိုက်(A-3)၊ အခန်း(204)၊ ဒုတိယထပ်၊ သပြေလမ်း၊**
**ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-974189091**

## အမွေအပြီးအပြတ်ခွဲဝေပေးအပ်ပြီးဖြစ်ကြောင်း ဦးဖြိုးဇော်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ကံဦးကျောင်းလမ်း၊ အမှတ်-၃၅ ရှိ အိမ်ခြံမြေ၏ ခေါင်းရင်းဘက် (၁၀'/၇' x ၅၂')အကျယ်ရှိ မြေကွက်အား ရောင်းချ၍ ရရှိသောငွေအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်ရှိ တိုက်ခန်းအား ရောင်းချရရှိငွေအနက်မှလည်းကောင်း ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငွေးတင့် [၁၂/အစန(နိုင်)၀၉၄၃၈၁] မှ ၎င်း၏အငယ်ဆုံးသားဖြစ်သူ ဦးဖြိုးဇော် [၁၂/အစန(နိုင်)၂၂၄၂၀၁]အား (၁၇-၅-၂၀၂၄) နှင့် (၂၁-၁၂-၂၀၂၄) ရက်တို့တွင် စာချုပ်စာတမ်းများချုပ်ဆို၍ အမွေအဖြစ် အပြီးအပြတ်ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဖြိုးဇော်အနေဖြင့် အထက်လိပ်စာပါ ကံဦးကျောင်းလမ်း၊ အမှတ်-၃၅ ရှိ ကျန်မြေကွက်နှင့်ပတ်သက်ပြီး အမွေရထိုက်ခွင့် လုံးဝမကျန်ရှိတော့ပါကြောင်းနှင့် ယင်းမြေကွက်နှင့် နေအိမ်အား ဒေါ်ခင်ငွေးတင့်၏ ကျန်သားအကြီးများဖြစ်သည့် ဦးသက်လွင်ဦးမှ (၃)ပုံ(၁)ပုံနှင့် ဦးဝင်းသော်ကောင်းမှ (၃)ပုံ(၂)ပုံ အမွေဝေစုတို့ကို ပိုင်ဆိုင်လျက်ရှိကြပါသည်။ ထို့အပြင် ဦးဖြိုးဇော်အနေဖြင့် မိမိရရှိသည့်အမွေဝေစုအား အပြီးအပြတ်ရရှိခံစားပြီးဖြစ်သဖြင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်ပြီး အမွေထပ်မံခွဲဝေပေးရန် လုံးဝတောင်းဆိုပိုင်ခွင့် မရှိတော့သလို ၎င်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်းကိစ္စအရပ်ရပ်တို့သည်လည်း မိခင်ဖြစ်သူ ဒေါ်ခင်ငွေးတင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ၎င်းဦးဖြိုးဇော်နှင့်သာ သက်ဆိုင်ပါကြောင်း ဦးဖြိုးဇော်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ငွေးတင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

## ASIA CARTONS LTD နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အေးရိပ်မွန်လမ်းမကြီး၊ အမှတ်(၁)တွင် တရားဝင်နေထိုင်သူ ဦးသိန်းစိုးထွန်း [၉/မခန(နိုင်)၁၆၄၉၁၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၃)၊ ဗန်းမော်အတွင်းဝန်လမ်းရှိ အမှတ်(၃၄)နှင့် မြေကွက်အမှတ်(၆၈)၊ ဧရိယာ(၁.၄၇)ဧက၊ စတုရန်းပေ(၆၄၄၄၀) ပေ အကျယ်အဝန်းရှိ မြေကွက်အား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ASIA CARTONS LTD အမည်ဖြင့် တရားဝင်ထုတ်ပေးထားသော မြေကွက်ဖြစ်ကြောင်း မှတ်သားထား၍ ယခုအချိန်တွင် ASIA CARTONS LTD မှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဦးတင်သိန်းမှ ၎င်းမြေကွက်၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေဖြစ်သူအား (၁၀)နှစ်တိတိ ငှားရမ်းထားသည့်အတွက် မြေကွက်ငှားရမ်းသူ၏ ငှားရမ်းခငွေများကို နှစ်အလိုက်ပေးအပ်ရမည်ဖြစ်သည့်အခါတွင် ဦးတင်သိန်းအား ဆက်သွယ်၍မရသောကြောင့် ASIA CARTONS LTD မှ မန်နေဂျင်းဒါရိုက်တာ (သို့) ဒါရိုက်တာအဖွဲ့တို့မှ အဆိုပါမြေကွက်ငှားရမ်းသည့်ငွေများကို လာရောက်ပြီး ရယူပေးရန် ASIA CARTONS LTD နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်လှိုင် [LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊**
**၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၆၂၄၈၁၊ ၀၉-၇၅၈၇၆၆၃၆၃**

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ရန်ကုန်မြို့

**ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော်နှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်ဥယျာဉ်သို့ ဓာတ်အားပေးသော 6.6/0.4 kV,(315kV) ထရန်စဖော်မာအား (၂၄)နာရီ ဓာတ်အားရရှိရေးအတွက် 6.6 kV မြေအောက် ဓာတ်ကြိုးချမြှုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ဈေးပြိုင်(တင်ဒါ)ကြော်ငြာ**

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးသည် ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော်နှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်ဥယျာဉ်သို့ ဓာတ်အားပေးသော 6.6/0.4 kV, (315kV) ထရန်စဖော်မာအား (၂၄)နာရီ ဓာတ်အားရရှိရေးအတွက် 6.6kV မြေအောက်ဓာတ်ကြိုးပေ (၁၄၅၀)ခန့် ချမြှုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအားဆောင်ရွက်ရန် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ ဈေးပြိုင်(တင်ဒါ)ပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၃၀,၀၀၀/-(ကျပ်)ဖြင့် ၁၀-၁၂-၂၀၂၄ (အင်္ဂါနေ့)မှစ၍ ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး လျှပ်စစ်နှင့် ရေသန့်ဌာနတွင် ဝယ်ယူပြီး ၁၄-၁-၂၀၂၅ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ဈေးပြိုင်(တင်ဒါ) တင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်ရေသန့်ဌာနရုံးခန်းတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**(ဆက်သွယ်ရန်-ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၁၁၀)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဂန္ဓာရုံလမ်း၊ မြေကွက်အမှတ်(၂၄၉)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၄၀ပေ× ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဖြိုးစုစုသော်(၁၂/ပဇတ(နိုင်)၀၃၂၆၈၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ လွတ်လပ်စွာစီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်မင်းဦး(၁၂/တမန(နိုင်)၁၀၈၈၅၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်မေဇင်ဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၈၂)
အမှတ်(၄၈၂)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉-၇၇၆၈၇၁၂၂၀ ၊ ၀၉-၄၂၀၀၃၅၂၅၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U9)၊ စွယ်တော်ဖူး(၂)လမ်း၊ မြေကွက်အမှတ်(၈၉)၊ မြေအကျယ်အဝန်း(၆၀ပေ× ၈၀ပေ)၊ ဧရိယာ(၀.၁၁)ဧကနှင့် မြေကွက်အမှတ်(၉၀)၊ မြေအကျယ်အဝန်း(၆၀ပေ× ၈၀ပေ)၊ ဧရိယာ(၀.၁၁)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းငွေး(၁၂/မရက(နိုင်)၁၂၀၃၈၈)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုအပိုင်ရောင်းချသူ ဒေါ်အေးအေးသန်း(၁၂/ဗတထ(နိုင်)၀၀၆၇၄၄)သည် "နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွတ်လပ်စွာစီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်မေဇင်ဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၈၂)
အမှတ်(၄၈၂)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉-၇၇၆၈၇၁၂၂၀ ၊ ၀၉-၄၂၀၀၃၅၂၅၈

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က(၆)လမ်း၊ မြေကွက်အမှတ်(၅၂၅/က)ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၇၅)ဟုခေါ်တွင်သည့် တစ်ခန်းတည်း (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ) ရှိသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနေမင်းထွန်း (ဘ) ဦးဒါဂျူး [၇/သနပ(ပြု)၀၀၂၄၄၈]ထံသို့ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယင်းမာအောင်(ဘ)ဦးမြင့်ရွှေ [၁၀/မလမ(နိုင်)၁၈၃၂၀၀]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** | | |
| **ဒေါ်ယင်းမာအောင်** | **ဦးအောင်မိုး (ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** | **ဒေါ်ထက်ထက်အေးငြိမ်း** |
| **[၁၀/မလမ(နိုင်)၁၈၃၂၀၀]** | **(စဉ်-၈၂၃၇)** | **(စဉ်-၁၂၆၇၆)** | **(စဉ်-၁၈၉၄၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊**
**သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာကြီး ဒေါ်သုခမ္မစာရီ (ခ) ဆရာမ ဒေါ်တင်ဥ

ဆကာကြီး၊ အ.ထ.က (အလယ်တန်းပြ-ငြိမ်း)

### အသက် (၈၃) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ရှမ်းစုကျေးရွာနေ (ဦးရွှေ-ဒေါ်စိန်)တို့၏ သမီး၊ အမှတ်(၅)ရပ်ကွက်၊ ဆကာကြီးမြို့၊ ဓနုဖြူမြို့နယ်နေ ကျောင်းအုပ်ဆရာကြီး (ဦးမောင်ကျော်)၏ဇနီး၊ ဦးမြင့်စိုးခိုင်-ဒေါ်သီတာကျော်၊ ဦးထိုက်လင်း-ဒေါ်သက်သက်ဆွေ၊ ဦးထွန်းထွန်း-ဒေါ်ဥမ္မာကျော်၊ ဦးမြတ်မင်း-ဒေါ်သပြေဇော်ဝင်း၊ ဦးကျော်စိန်ဝင်း-ဒေါ်နီလာကျော်၊ ဦးထင်လင်းကျော်-ဒေါ်နီလာထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်စိုးရထက်၊ မဟန်နီထွန်းထွန်း၊ မနေခြည်ထိုက်လင်း၊ မောင်ဇင်မင်းဟန်၊ မောင်ကောင်းစစ်လင်း၊ မဆုလာဘ်မှူး၊ မောင်ဘုန်းရောင်ရှိန် မြေး ခုနစ်ယောက်နှင့် မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၁၂-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၊ ခန်းမသစ်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်ကြည်

### အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၇)လမ်း၊ အမှတ် (၈၇၄/က)နေ (ဦးစိမ်း-ဒေါ်သင်းမြိုင်)တို့၏ သမီး၊ (ဦးသန်းမြင့်)၏ ဇနီး၊ (ဦးသိန်းဝင်း)-ဒေါ်သန်းသန်းငွေ၊ ဦးတင်ဝင်း-(ဒေါ်မြင့်မြင့်ဝေ)၊ ဦးတင်စိုး-ဒေါ်ချစ်ရင်ကော၊ (ဦးတင်စိုး)- ဒေါ်မြင့်မြင့်ကြည်၊ ဦးငွေအောင်၊ ဒေါ်ဝင်းဝင်းရွှေတို့၏ မိခင်၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၂၆-၁၂-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၁၂-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်း ပေးဝေမည်ဖြစ်ပါသောကြောင့် ၃၁-၁၂-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မို့မို့ဝင်း (Account Officer)

Myanmar Sutech Co.,Ltd.

### အသက် (၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အိမ်အမှတ် (၂၆)၊ မာန်ပြေ (၁၇)လမ်း၊ (၃)ရပ်ကွက်နေ ဦးခင်မောင် ဝင်း (ကျောင်းအုပ်-ငြိမ်း)-ဒေါ်ယဉ်ကြည်တို့၏သမီးလတ်၊ ဦးဉာဏ်လင်းအောင်(ဆည်မြောင်း)-ဒေါ်အေးမြတ်မြတ်ဝင်း (ဆည်မြောင်း)တို့၏ညီမ၊ ဦးအောင်ကြီး-ဒေါ်ခင်မိမိ၊ ဦးသန်းထိုက်-ဒေါ်သက်မာဝင်း (AYA Bank)၊ ဦးမျိုးဝင်းဟိန်း-ဒေါ်ငုဖြူဝင်းတို့၏အစ်မ၊ ဦးသိန်းဝင်းထွန်း (Pyay San Thu လက်ထောက်မန်နေဂျာ)၏ ချစ်လှစွာသော ဇနီး၊ မောင်ဝေယံလင်း၏ မွေးသမိခင် ကျေးဇူးရှင်၊ တူ/တူမ (၇)ယောက်တို့၏ အဒေါ်သည် ၂၅-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၇-၁၂-၂၀၂၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတမ်းပေးဝေလိုပါသောကြောင့် ၃၁-၁၂-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အိမ်အမှတ် (၂၆)၊ မာန်ပြေ (၁၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်တွင် ရက်လည်ဆွမ်းကျွေး ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း

## သိက္ခာတော်ရ ဆရာ ဇမ်းလျန်းခမ်(Rev.Zam Lian Kham)

**(Happy Family Bible Training Center, Mandalay)**

**(Ngaihte Beh)**

### အသက်(၅၆)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ လမ်း(၆၀)၊ အိမ်အမှတ်(၃)နေ [Pu Vial Za Kam]- Pi Don Zan Niang တို့၏ သားကြီး၊ Lia. Niang San Lian (City Gate Church, Chang Mai, Thailand)၊ Lia. Pau San Kiim (Dip. In Business)၊ Lia Kan San Cing (B.A, 1st Year-Psychology)၊ Lia. Khai San Lun (Grade X, Unity Private High School, Mandalay)၊ Lia. Maan San Dim (Grade IX, Unity Private High School, Mandalay)တို့၏ မွေးသဖခင်၊ Rev. Pum Huai ၏ ချစ်လှစွာသော ခင်ပွန်း Rev.Zam Lian Kham( ကျောင်းအုပ်ကြီး၊ Happy Family Bible Training Center: Worship Pastor, သုံးပါးတစ်ဆူ အေဂျီ အသင်းတော်၊ မန္တလေးမြို့ အေဂျီ(ဧဝံဂေလိ)အသင်းတော် အမှတ်(၂) သာသနာခရိုင်ဥက္ကဋ္ဌ)သည် ၂၅-၁၂-၂၀၂၄ ရက် ည ၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၇-၁၂-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအေးမောင်ကြည် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အသက် (၆၁)နှစ်သည် ၂၃-၁၂-၂၀၂၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ-ကျဲ့ကျန်း တရုတ်ကုန်သည်ကြီးများအသင်းနှင့် ကျန်းနန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးမောင်ကြည်**

**ဒုတိယညွှန်ကြားရေးမှူးချုပ်**

**(ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး)**

### အသက် (၆၁)နှစ်

ဦးအေးမောင်ကြည် အသက် (၆၁)နှစ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး)သည် ၂၃-၁၂-၂၀၂၄ (တနင်္လာနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၇)**

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၉)လမ်း၊ အမှတ်(၁၁၂)၊ မြေကွက်ပေါ်တွင် တည်ရှိသော (၂)ခန်းတွဲ (၃)ထပ်တိုက် (၅-လွှာ/အေ)၊ (အဆောက်အဦဘက်မျက်နှာမူလျှင်- လက်ဝဲဘက်) (ဒါဘာ) လူနေတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးငွေဝင်း [၁၂/မဂတ(ဧည့်) ၀၀၀၃၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဆန်း [၁၁/တကန(နိုင်) ၀၀၀၇၄၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးယဉ်ထွန်း(LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**

**ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (FMI-၈)၊ မြေကွက်အမှတ်(၁၃၂)၊ မြေအကျယ်အဝန်း (၀.၁၁၀)ဧကရှိ (အရပ်အခေါ်- အမှတ်(H-41)၊ ရွှေသရဖီ(၁)လမ်း၊ FMI City၊ အမှတ်(၄)ရပ်ကွက်၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ဟုခေါ်တွင်သော ဒေါ်ဝမ်ရီလင်၊ ဒေါ်တွမ်စိန်မေတို့ (၂)ဦး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ တစ်ဦးဖြစ်သော ဒေါ်တွမ်စိန်မေ [၁/မကက(ဧည့်) ၀၀၀၂၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထက်ပါ မြေကွက်နှင့်ပတ်သက်သည့် ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား ပါမစ်ဂရန်မူရင်း၊ စာချုပ်/စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**

**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ City Loft West အိမ်ရာစီမံကိန်းအတွင်းရှိ City Loft West ၊ တိုက်အမှတ် (T-1)၊ တိုက်ခန်းအမှတ် (T1-1803)၊ တိုက်ခန်းအမျိုးအစား- 3BR (A) ၊ ခန့်မှန်းကြမ်းခင်းဧရိယာအကျယ်အဝန်း (926)စတုရန်းပေရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာမိုးမြင့် (၁၂/သဃက(ဧည့်) ၀၀၀၂၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း (၁၂/အစန(နိုင်) ၁၆၇၆၃၇)က အရစ်ကျငွေချေစနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)

အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ဦးစိုးနိုင်

### အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့နေ (ဦးစိန်မောင်-ဒေါ်ခင်မြင့်)တို့၏ သား၊ (ဦးတင်မောင်)-ဒေါ်သန်းရှင်တို့၏ သားသမက်၊ ဦးစိုးမှူး-ဒေါ်မြင့်မြင့်ကြည်တို့၏ မောင်၊ ဒေါက်တာဝင်းငွေဦး-ဒေါ်နှင်းယုလွင်တို့၏ အစ်ကို၊ ဒေါ်ခင်သန်းငွေ၏ခင်ပွန်း၊ ဒေါက်တာကြည်ငြိမ်းချမ်းကျော်-ဒေါက်တာမေသူခိုင်တို့၏ဖခင် ဦးစိုးနိုင်သည် ၂၆-၁၂-၂၀၂၄ ရက် နံနက် ၅:၄၁ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဇီဇဝါအိမ်ရာ၊ (၁၅) ရပ်ကွက်၊ အမှတ်-၁၅ ဟုခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅)၊ မြေကွက်အမှတ်-၂၉၉/၂၂၊ ဧရိယာ (၀.၁၁၂) ဧက၊ (၄၈၉၁) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ လုံးချင်းအိမ် (၂) ထပ်တိုက် အပါအဝင်အကျိုးခံစားခွင့်များကို မြို့မြေစာရင်းတွင် **ဦးကျော်ထင်** (၁၂/မရက(နိုင်) ၀၁၄၃၅၄)က အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ခင်အေးမာ** (စဉ်-၂၈၇၁) **မေမိစော** (စဉ်-၁၈၂၆၃)

**တရားလွှတ်တော်ရှေ့နေများ**

ဖုန်း - ၀၉-၅၁၄၉၃၈၂ ဖုန်း - ၀၉-၇၉၅၃၉၉၆၃၈

အမှတ်-၅၆၃၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ မြေကွက်အမှတ်(၁၇၁၇)၊ က(၅)လမ်း၊ အလျား(၁၀)ပေx အနံ(၆၀)ပေ အကျယ်အဝန်း (ခေါင်းရင်းခြမ်း)ရှိ မြေကွက်အား ဒေါ်ခင်ငွေဦး [၁၂/ဥကတ(နိုင်) ၁၂၃၂၄၃]မှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားကြောင်း ပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူထွေး[၁၂/အစန(နိုင်) ၁၉၇၄၃၃]အား အပြီးအပိုင် ရောင်းချရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ယခုကြေညာသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ ဆက်စပ်စာချုပ်မူရင်းများ၊ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**

**ဒေါ်ဖြူဖြူထွေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမာလှိုင်**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၇၂)**

**အမှတ်(၈၃၇/က)၊ ၈၂/၃၄၊ (၁၀)ရပ်ကွက်၊ ဖျာပုံပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရာဇဓိရာဇ်(၁)လမ်း၊ အမှတ် (၁၂၄၂) နှစ်(၆၀)ဂရန်မြေကွက်၏ ခြေရင်းခြမ်း၊ (၂၀x၆၀)ပေ မြေ၊အိမ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်အား အမည်ပေါက် ဦးသိန်းဇော်ထံမှ (၁-၅-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ကျွန်ုပ်မိတ်ဆွေ ဦးမင်းမင်းစိုး၊ ဦးသာချိုနှင့် ဦးသီဟန်စိုးတို့အမည်ဖြင့် ဝယ်ယူထားခြင်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေမှ လက်ရှိထားနေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အဆောက်အဦကို ကျွန်ုပ်မိတ်ဆွေ ဦးမင်းမင်းစိုး သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းပိုင်ခွင့်မရှိကြောင်း အသိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိုးစိုးမာ(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၄)**

**ဖုန်း- ၀၉-၅၀၈၄၈၅၅**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးအား လုပ်ကြံပစ်ခတ်သူ Free Land Attack Force (FLA) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၆

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန်၊ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခိုးပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်နေ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းငွေ(၆၆) နှစ် (ဘ)ဦးလှရွှေသည် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရှိနေစဉ် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးစန်းငွေတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



(ဝဲမှယာ)တရားခံ မေမြတ်သဥ္ဇာကျော် (ခ) ငယ်ငယ်၊ စိုင်းနောင်ထက် (ခ) အာကြီး။

## ၂၆ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၂၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့ ဖတ်စရာ**

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၅

- - - - - - - - - - - - - - - - -

**အာကာသစူးစမ်း လေ့လာရေးယာဉ် Parker Solar Probe နေနှင့် အနီးကပ်ဆုံး ရောက်ရှိနိုင်သည့် စံချိန်သစ် တင်နိုင်ဖွယ်ရှိ** စာမျက်နှာ » ၁၃

- - - - - - - - - - - - - - - - -

**MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒီဇင်ဘာ ၂၈ ရက် စတင် ကျင်းပမည်** စာမျက်နှာ » ၂၂



စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ASEAN Cup ဆီမီးဖိုင်နယ် ပထမအကျော့တွင် ဗီယက်နမ်အသင်း အဝေးကွင်း၌ အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၆

2024 ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမပွဲစဉ်ဖြစ်သည့် စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ ပထမအကျော့ပွဲစဉ်ကို ဒီဇင်ဘာ ၂၆ ရက်က စင်ကာပူနိုင်ငံရှိ ဂျလန်ဘာဆာကွင်း၌ ကျင်းပရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ဗိုလ်လုပွဲတက်ရောက်နိုင်ရန်အခွင့်အရေးပိုကောင်း**

ပြိုင်ပွဲသမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး အဝေးကွင်းတွင် အနိုင်ရခဲ့သည့် ဗီယက်နမ်အသင်းသည် ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အခွင့်အရေး ပိုကောင်းခဲ့သည်။

စင်ကာပူအသင်းသည် အိမ်ကွင်း၌ အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာသလို ဗီယက်နမ်အသင်းကလည်း အမာခံကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သလို ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၂ သို့ ✪